**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )**

**[အင်္ဂါနေ့]**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး တက်ရောက်ရန်အတွက် Voting Card လဲလှယ်ခြင်းနှင့် သတင်းပို့ခြင်းကို အစည်းအဝေး မစတင်မီ (၁၅)မိနစ်အလိုမှာ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၁၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝး၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂ဝ)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂ဝ၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝး၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂ဝ)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝး၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၁၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂ဝ)ရက်မြောက်နေ့ ၂ဝ-၂-၂ဝ၁၈ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်။ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်ပခရီးစဉ်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ အခမ်းအနားသို့ တက်ရောက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာထိ မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင် ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာထိ မြေသား လမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးထားတဲ့ မေးခွန်းနှင့်ပတ်သက်လို့ အကျိုးအကြောင်းကို ဆွေးနွေးရှင်းလင်း တင်ပြပေးပါမယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရဲ့ တောင်ဘက်ခြမ်းမှာရှိတဲ့ မြောက်ဦး-မဟာထီးလမ်း မဟာထီး ကွန်ကရစ် လမ်းပိုင်းမှ သရက်တောကျေးရွာ၊ သံရှင်ပြင်ကျေးရွာ၊ ရန်ကင်းကျေးရွာ၊ ညွံ့ကျွံကျေးရွာများကို ဖြတ်ပြီး ဗလိပြင်ကျေးရွာအထိ အရှည်(၃)မိုင်ခန့်ရှိသော ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်ပေးရန် ဒေသခံ များက လိုလားနေကြပါတယ်။ ဒီလမ်းကို ဒေသခံပြည်သူလူထုတွေရဲ့ တင်ပြတောင်းဆိုချက်ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ခွင့်ပြုချက်နှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ အကျယ် (၁၀)ပေ၊ အမြင့်(၂)ပေ၊ အရှည်(၂)မိုင်ခန့်အထိ မြေသားလမ်း ဖောက်လုပ်ခဲ့ကြပါတယ်။ မပြီးနိုင်ဘဲ (၁)မိုင်ကျော်ခန့် ကျန်နေခဲ့ပါတယ်။ အဆိုပါ ဆည်ဖို့ပြုလုပ်ခဲ့တဲ့လမ်းဟာလည်း ၂၀၁၅ ခုနှစ်မှာ ရေကြီး နစ်မြုပ်မှုကြောင့် ပျက်စီးသွားခဲ့ရတယ်လို့ သိရှိရပါတယ်။

မြောက်ဦးမြို့နယ်ရဲ့ တောင်ဘက်ခြမ်းဟာ ရွာချင်းဆက် ကုန်းလမ်းများ မရှိခဲ့တဲ့အတွက် ကြောင့် ဒေသဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ပါတယ်။ တကယ်လို့များ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်း ပိုင်းမှ ဗလိပြင်ကျေးရွာအထိ ရွာချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်ရန် ကျောက်ချောလမ်း အဖြစ် ပြုလုပ်ပေးမည်ဆိုပါက ကျေးရွာအုပ်စုပေါင်း (၁၄)ခု၊ ကျေးရွာပေါင်း(၃၄)ရွာ၊ လူဦးရေပေါင်း (၂၈၀၀၀)ကျော်တို့အား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ ဒေသခံပြည်သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့အတွက်လည်း သွားရေးလာရေး လွယ်ကူ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာအထိ ရွာချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်ရန် ကျောက်ချောခင်းလမ်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို လေးစားစွာနှင့် မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဖြေကြားချက်**

**ဦးဟန်ဇော် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းထားတဲ့ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာအထိ မြေသားလမ်းအရှည် (၄)မိုင် (၄)ဖာလုံကို ရာသီမရွေး သွားလာနိုင်သော

ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ မြောက်ဦး-မဟာထီး ကွန်ကရစ်လမ်းပိုင်းမှ ဗလိပြင်ကျေးရွာအထိ မြေသားလမ်းပိုင်းသည် ကျေးရွာကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားခြင်းဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မြေသားလမ်း (၄)မိုင် (၄)ဖာလုံအနက် လူသွားလမ်း(၁)မိုင် (၁)ဖာလုံအား မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်(၃၅)သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ (၇၅)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းပြီးပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင် တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့တော်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများ၊ လုပ်သားပြည်သူများ အားလပ်ရက်များတွင် အနားယူအပန်းဖြေရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မီပန်းခြံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ဟားခါးမြို့တော်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများ၊ လုပ်သားပြည်သူများ အားလပ်ရက်များတွင် အနားယူအပန်းဖြေရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မီပန်းခြံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့တော်ဟာ အလွန်သာယာပျော်ရွှင်စရာကောင်းသော မြို့တစ်မြို့ဖြစ်သော်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများ၊ လုပ်သားပြည်သူများ အားလပ်ရက်များတွင် အနားယူအပန်းဖြေရန် ပန်းခြံမရှိသေးပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မီ ပန်းခြံတစ်ခုအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဟားခါးမြို့တော်ဟာ ပင်လယ်မျက်နှာပြင်အမြင့်မှ ပေ(၆၁၂၀)တွင် တည်ရှိပြီး လူနေအိမ်ခြေ(၆၀၀၀)ကျော်၊ လူဦးရေ သုံးသောင်းကျော်ရှိပြီး ချယ်ရီနှင့်တောင်ဇလပ်ပန်းများဖြင့် သာယာလှပသော မြို့တစ်မြို့ဖြစ်ခဲ့ပါတယ်။

သို့သော် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် နှစ်ပေါင်း(၁၀၀)အတွင်း မကြုံစဖူး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟားခါးမြို့ပေါ်ရှိ အိမ်ခြေ(၇၅၀)ဟာ မြေပြိုလဲပျက်စီးကုန်သည့်အတွက် ဟားခါးမြို့တော်၏ အလှကို များစွာထိခိုက်ပျက်စီးခဲ့ရပါတယ်။ ဟားခါးမြို့တော်ဟာ တစ်နှစ်ပြီးတစ်နှစ် လူဦးရေတိုးတက်များပြားလာတာနှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသည်များ တိုးတက်များပြားလာပြီး ကျောင်းသူကျောင်းသားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုပ်သားပြည်သူများ အားလပ်ရက်များတွင် အမောပြေ၊ အပန်းဖြေ လေ့လာရန် တိရစ္ဆာန်ဥယျာဉ်မရှိ၊ ရေကန်လည်းမရှိ၊ ပန်းခြံလည်း မရှိသည့်အတွက် မြို့တော်၏အင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်မှုမရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုအနက် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ဟာ အပန်းဖြေပန်းခြံမရှိသောမြို့တော် ဖြစ်ရတာဟာ ဝမ်းနည်းဖွယ်ရာကောင်းပါတယ်။

ချင်းပြည်နယ်ဟာ ယခင်က သစ်တောကြီးများနှင့် ဖုံးလွှမ်းလျက် ထင်းရှူးပင်၊ တောင်ဇလပ်ပန်း၊ ချယ်ရီပန်းပင်နှင့် ရောင်စုံသစ်ခွပန်းများ ရာသီအလိုက် ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိပြီး အင်မတန်လှပသော ဒေသတစ်ခု ဖြစ်ခဲ့ပါတယ်။ သို့သော် သစ်တော၊ သစ်ပင်များ စည်းမဲ့ကမ်းမဲ့ ခုတ်လှဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ စီးပွားရေး ဝိသမလောဘသမားများက သစ်တောများတွင် ပေါက်ရောက်သော သစ်ခွပန်းများရှိသည့် သစ်ပင်ကြီးများကို ခုတ်လှဲ၍ သစ်ခွမျိုးစုံကို ခူးယူပြီး မန္တလေးမှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချသဖြင့် သစ်ခွပန်းများ တဖြည်းဖြည်းတိမ်ကောလာလျက် ရှိပါတယ်။ ယခုအချိန်တွင် နိုင်ငံတော်အစိုးရက မြို့သာယာလှပရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပြင် ကျေးလက်ဒေသများ ဘက်စုံတိုးတက်ရေးကိုပါ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနေချိန်တွင် ဟားခါးမြို့တော်၌ လုပ်သားပြည်သူများ အားလပ်ရက်များတွင် အပန်းဖြေလေ့လာနိုင်ရန်အတွက် အဆင့်မီပန်းခြံတစ်ခုအား တည်ဆောက်ပေးပြီး တန်ဖိုးရှိသစ်ခွပန်းများ၊ ရောင်စုံအလှပန်းများကို သိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူထိန်းသိမ်းရန် အထူးလိုအပ်ကြောင်း အလေးအနက် တင်ပြလိုပါတယ်။

မိမိတို့လူမျိုးဟာ သစ်ပင်၊ သစ်တောနှင့် စိမ်းလန်းစိုပြည် သာယာလှပသည့် သဘာဝ အလှကို ချစ်မြတ်နိုးတန်ဖိုးထားဖို့ လိုအပ်သလို သစ်ခွမျိုးစုံကိုလည်း ထိန်းသိမ်းနိုင်ရန်အလို့ငှာ ဟားခါး မြို့တော်တွင် အဆင့်မီပန်းခြံတစ်ခုအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချမှတ်ပြီး စနစ်တကျ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်၊ ပီကင်းမြို့တော်၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တော်၊ ကွန်ဒေါင်း ပြည်နယ်၊ ယို့ဟိုင်မြို့တော်တို့ရှိ လမ်းဘေးဝဲယာတစ်လျှောက် ရောင်စုံပန်းများ စိုက်ပျိုးလျက် ရှုမငြီး သာယာလှပစွာ စနစ်တကျ စိုက်ပျိုးဆောင်ရွက်နေတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ အလားတူ မိမိ တို့နိုင်ငံမှာလည်း ပန်းခြံလောက်ကိုတော့ မဖြစ်မနေလုပ်ဖို့ လိုအပ်သလို မြို့ကြီး၊ ပြကြီးများ၏ လမ်းဘေးဝဲယာတို့တွင် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသင့်ပါတယ်။

သို့ဖြစ်၍ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့၌ အဆင့်မီ ပန်းခြံတစ်ခု တည်ဆောက်ပေးနိုင် ရေးအတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့မှ အိမ်ရာမဲ့ ဒုက္ခသည်များ နေရာချပေးထားတဲ့ ဟားခါး-ဖလမ်း လမ်းမပေါ်တွင် (၅)ဧကကျော်ရှိတဲ့ မြေနေရာကို လျာထားသတ်မှတ်ပြီး ဖြစ်တဲ့ အတွက် အဆင့်မီပန်းခြံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ------------(ဩဘာသံများ)

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်ရှိ တောင်သူကုန်း - ယိုးဒယားဈေးမှ ထွက်သော အညစ်အကြေးများကြောင့် ရပ်ကွက်တွင်း ပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပြီး သာရေး၊ နာရေး၊ မီးဘေး အန္တရာယ်များအတွက် ကားများပင် ဝင်ထွက်သွားလာမှု မရခြင်းတို့ကြောင့် ၎င်းလမ်းဘေးဈေးကို သင့်တော်မည့်နေရာသို့ ရွှေ့ပြောင်းပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး က ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်ရှိ တောင်သူကုန်း - ယိုးဒယားဈေး မှထွက်သော အညစ်အကြေးများကြောင့် ရပ်ကွက်တွင်း ပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပြီး သာရေး၊ နာရေး၊ မီးဘေး အန္တရာယ်များအတွက် ကားများပင် ဝင်ထွက်သွားလာမှု မရခြင်းတို့ကြောင့် ၎င်းလမ်းဘေးဈေးကို သင့်တော်မည့်နေရာသို့ ရွှေ့ပြောင်းပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးခွန်းနဲ့ ပတ်သက်ပြီးတော့ အခြေခံအကြောင်းပြချက် များကို တင်ပြခွင့်ပြုပါရှင်။ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တောင်သူကုန်းလမ်းမှာရှိတဲ့ ယိုးဒယားဈေးလို့ အမည်တွင်တဲ့ ရပ်ကွက်ဈေးလေးတစ်ခု ရှိနေတာဟာဆိုလို့ရှိရင် ကြာမြင့်ခဲ့ပြီ ဖြစ်ပါ တယ်။ မူလအစကတော့ လမ်းဘေးအိမ်ဆိုင်လေးကနေပြီးတော့ အစပြုခဲ့တယ်။ အခုအချိန်မှာ ပြင်ပမှ ဈေးသည်များကလည်း အဲဒီလမ်းမှာပဲ လာရောက်ပြီးတော့ ရောင်းချတဲ့အတွက်ကြောင့် အခုအချိန်မှာ

ဆိုင်ခန်းနဲ့ ဈေးသည်ဟာ (၄၀၀)ကျော်အထိ ရှိခဲ့ပါပြီ။ ကျွန်မ ဒီမေးခွန်းကို တင်တဲ့အချိန်တုန်းက ဆိုလို့ရှိရင် စာရင်းကောက်ခံချက်အရ ဈေးသည် (၂၀၀)ကျော် ရှိခဲ့ပေမယ့် ဒီ အခုအချိန်မှာ ဆိုလို့ရှိရင် (၄၀၀)ကျော်အထိ များပြားလာတာကို တွေ့ရပါတယ်။ ဒီလမ်းပေါ်မှာ ရောင်းတဲ့ဈေးဟာဆိုလို့ရှိရင် စည်ပင်သာယာရဲ့ လက်အောက်မှာလည်း မရှိပါဘူး။ အဲဒီမှာ ဈေးကော်မတီလည်း ဖွဲ့စည်းထားခြင်း မရှိပါဘူး။ အုပ်ချုပ်ရေးရဲ့ လက်အောက်မှာလည်း မရှိပါဘူး။ လက်သင့်ရာ လာရောက် ရောင်းဝယ်ပြီးတော့ နေရာလုခြင်း၊ နောက်ပြီးတော့ ခိုက်ရန်ဖြစ်ပွားခြင်းတွေ မကြာခဏဖြစ်ပွားပါတယ်။ မနက် (၄)နာရီဆိုလို့ရှိရင် ဈေးခင်းတဲ့အခါမှာ ခိုက်ရန်ဖြစ်ပွားတဲ့ အသံတွေဟာဆိုလို့ရှိရင် သက်ကြီးရွယ်အိုတွေ၊ နာမကျန်းသူတွေအတွက် အင်မတန်မှ အခက်အခဲဖြစ်စေပါတယ်။

ဒီ တောင်သူကုန်းရပ်ကွက်ဟာဆိုလို့ရှိရင် အင်းစိန်မြို့နယ် စတင်တည်ထောင်ကတည်းက ဖြစ်ပေါ်လာတဲ့ ရပ်ကွက်ဖြစ်ပြီးတော့ လူနေရပ်ကွက်ဖြစ်ပါတယ်။ ဈေးဆိုင်တွေရဲ့ အညစ်အကြေးတွေကြောင့် အခုအချိန်မှာဆိုလို့ရှိရင် ကြွက်၊ ခြင်၊ ယင်တွေ ပေါက်ပွားမှု အလွန်များပြားပြီးတော့ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ အများပြည်သူကျန်းမာရေး ဆိုးကျိုးတွေ ခံစားနေရပါတယ်။ ဈေးသည်တွေ ပိတ်ဆို့နေတဲ့အတွက်ကြောင့် လမ်းတွေပျက်စီးမှုများ၊ အရေးပေါ်ကိစ္စအတွက် မီးသတ်ယာဉ်၊ လူနာတင်ယာဉ်တွေ ဝင်ရောက်ဖို့လည်း အင်မတန်မှ ခက်ခဲတာတွေကို တွေ့ရပါတယ်။ တောင်သူကုန်းရပ်ကွက်မှာရှိတဲ့ ကသွယ်ချောင်းဟာဆိုလို့ရှိရင်လည်း ဒီ ဈေးကနေ အညစ်အကြေးတွေ နေ့တိုင်းပစ်ထုတ်တဲ့အတွက်ကြောင့် ချောင်းဟာတိမ်ကောပြီးတော့ မိုးရာသီအချိန်အခါမှာ ရေကြီးရေလျှံမှုများ နှစ်တိုင်းဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီ တောင်သူကုန်းရပ်ကွက်ထဲမှာရှိတဲ့ ဘာသာရေးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေမှာလည်း ဈေးဆိုင်တွေ ရောင်းချတယ်၊ ပစ္စည်းတွေ ရောင်းဝယ်ခြင်းကြောင့် ကျောင်းအဆောက်အအုံ အင်္ဂါတွေနဲ့ မညီညွတ်ဘဲနဲ့ ကျောင်းသားကလေးငယ်များရဲ့ ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်နေပါတယ်။ အဲဒီ ကျူးကျော်ဈေးကို ဖယ်ရှားဖို့အတွက် တောင်သူကုန်း ရပ်မိ၊ ရပ်ဖကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးကိုလည်း အကြိမ်ကြိမ်လာရောက်ပြီးတော့ တင်ပြထားပါတယ်။ ကျွန်မတို့ကလည်းပဲ စည်ပင်သာယာရေးကော်မတီ၊ အုပ်ချုပ်ရေး၊ ရပ်မိ၊ ရပ်ဖများနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပေးပေမယ့်လည်း အဆင်ပြေမှု မရှိခဲ့ပါဘူး။

ကျွန်မကို Power Point အသုံးပြုခွင့်ပြုပါ။ ဒါဟာဆိုလို့ရှိရင် ပိတ်ဆို့ပြီးတော့ လမ်းပေါ်မှာ ရောင်းချနေတဲ့ပုံဖြစ်ပါတယ်။ အပေါ်စီးက ရိုက်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ လမ်းပေါ်မှာပဲ အဲဒီလိုမျိုး ခင်းပြီးတော့ နေ့တိုင်းရောင်းချနေတာ ဖြစ်ပါတယ်။ ဒါ ကျွန်မတို့ ညှိနှိုင်းပေးတယ် (၁၀)နာရီအထိပဲ ရောင်းပါလို့ ပြောပေမယ့် ဒါတစ်နေကုန်ရောင်းနေတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ ဒါလည်း ပိတ်ဆို့နေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါ ကျောင်းရဲ့ အရှေ့မှာပေါ့နော်၊ ဒီလိုမျိုး အဲဒီလိုပဲ ခင်းပြီးတော့ ရောင်းချနေတယ်။ ကျောင်းအရှေ့တည့်တည့်မှာ ကလေးတွေလည်း ကစားလို့မရဘူး။ အဝင်အထွက်လည်း အင်မတန်မှ ခက်ခဲပါတယ်။ ဒါကျောင်းရှေ့မှာပဲ အဝတ်အစားတွေ၊ အဟောင်းတွေ ရောင်းချနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါ ဈေးပြီးတဲ့အချိန်မှာ ကျောင်းရှေ့မှာပဲ ရှိတဲ့အမှိုက်တွေကို ပုံသွားတဲ့ပုံဖြစ်ပါတယ်။ ဒါ နိစ္စဓူဝပေါ့ နော်၊ ရပ်ကွက်ကနေ ခံစားရတဲ့ ဒါ အမှိုက်၊ အညစ်အကြေးတွေပုံထားတဲ့ပုံ ဖြစ်ပါတယ်။ ဈေးကထွက်တဲ့ အညစ်အကြေးတွေ ဖြစ်ပါတယ်။ ဒါ လမ်းဘေးအမှိုက်တွေ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် လမ်းပေါ်မှာပဲ ငါးတွေရောင်းပြီးတော့ ငါးခြောက်တွေလှန်းနေတဲ့ ပုံဖြစ်ပါတယ်။ ဒါတော့ အဆိုးဆုံးဖြစ်ပါတယ်။ ကျွန်မ

တို့ရပ်ကွက်ထဲမှာ တစ်ရပ်ကွက်လုံးသုံးတဲ့ ထရန်စဖော်မာနားမှာပဲ ဒါ လောင်စာတွေပေါ့နော်၊ အဲဒီလိုမျိုး ထားရှိတဲ့အတွက်ကြောင့် မီးဘေးအန္တရာယ်လည်း အင်မတန်မှ စိုးရိမ်ရပါတယ်။

သို့ပါသောကြောင့် ဈေးအဂ်ါနဲ့ မညီညွတ်သော ကလေးသူငယ်များ အပါအဝင် လူကြီးမိဘ၊ အများပြည်သူ ကျန်းမာရေး၊ လူမှုရေးကိစ္စများ ထိခိုက်စေတဲ့ ဒီ ရပ်ကွက်ကျူးကျော်ဈေး၊ လမ်းဘေးဈေးကို သင့်တော်မယ့်နေရာကို ရွှေ့ပြောင်းနိုင်ခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ ကျူးကျော်ပျံကျဈေး မြင်ကွင်းပုံ (ပပ)



ကျောင်းရှေ့တွင် ပိတ်ဆို့နေသည့် မြင်ကွင်းပုံ (ပပ-၁)



ကျောင်းရှေ့မှ အမှိုက်ပုံ၏ မြင်ကွင်းပုံ (ပပ-၂)



**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဖြေကြားချက်**

**ဦးအောင်မြင့်ထွန်း (နေပြည်တော်ကောင်စီဝင်)။** ။လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ဒီ မေးခွန်းနှစ်ခုကို ကျွန်တော်တစ်ခုပြီးတစ်ခု ဖြေကြားသွားပါမယ်။ ပထမဆုံး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘွဲ့ခိန်း ရဲ့ ချင်းပြည်နယ်မှာ အဆင့်မြင့်ပန်းခြံ တည်ဆောက်ဖို့ရာဆိုတဲ့ကိစ္စဟာ ဖြေကြားချက်ကတော့ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ အဆင့်မြင့်ပန်းခြံ တည်ဆောက်နိုင်ဖို့အတွက် ခွာစီလိုဘိုအရပ်မှာ (၅)ဧကခန့်ကို ဟားခါးမြို့ မြို့မိ၊ မြို့ဖများက အဆိုပြုလျာထားထားပြီးတော့ မြေပိုင်ဆိုင်မှုရရှိရေးအတွက် ဟားခါးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ ပန်းခြံတည်ဆောက်နိုင်ဖို့ရာအတွက် ၂၀၁၈-၂၀၁၉ ဘတ်ဂျက် လျာထားချက်မှာ ဒုတိယဦးစားပေးဖြင့် ခွာစီလိုဘိုပန်းဥယျာဉ် ပြုလုပ်ဖို့ရာ ရေလှောင်ကန်(၁)လုံး၊ ရေကန်၊ ခြံစည်းရိုး အပါအဝင် ငွေကျပ်သန်း(၁၅၀)လျာထားတောင်းခံပြီး ဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေ ရရှိလာလို့ရှိရင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ဖြေကြားထားပါတယ်။

အဲဒီလိုပဲ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်၊ မတူပီခရိုင် မြို့တော်များမှာလည်း ပန်းခြံတည်ဆောက်ပေးဖို့ရာဆိုလို့ရှိရင် ဖလမ်းခရိုင်၊ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်မှာရှိတဲ့ စည်ပင်သာယာရေးပန်းခြံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ ချင်းလူမှုရေးအဖွဲ့တို့ ပူးပေါင်းပြီး သဘာဝသစ်ခွ ပန်းမျိုးစုံစိုက်ပျိုး

ရေး စီမံထားရှိပါတယ်။ လိုင်ဗားရေလှောင်တမံက ဖလမ်းမြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးလို့ ရှိရင် ပန်းခြံအတွင်း စိုက်ပျိုးရေသွယ်ပြီး စိုက်ပျိုးဖို့ရာ စီမံထားရှိပါတယ်။ အဲဒီလိုပဲ မင်းတပ်ခရိုင်၊ မင်းတပ်မြို့မှာလည်း ဦးဝမ္မသူးမောင် ပန်းခြံမြေနေရာကို အရှေ့ပြင်ရပ်ကွက်၊ ကျောက်စစ်တိုးချဲ့(၂)၊ သစ်တောကြိုးဝိုင်း အမှတ်(၃၈)၊ ဘုတ်တိုင်အမှတ်(၆၈) အတွင်းမှာရှိတဲ့ မြေဧရိယာ(၃)ဧကကို ဦးဝမ္မသူးမောင် ကြေးရုပ်နဲ့ပန်းခြံတည်ဆောက်ရေးအတွက် သစ်တောမြေစွန့်လွှတ်ပေးဖို့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို တင်ပြပြီးတော့ ဆက်လက်ဆောင်ရွက်ဖို့ရာ ပြောတဲ့အတွက် ချင်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ဘတ်ဂျက်နဲ့ ဆောင်ရွက်ခြင်းမပြုဘဲနဲ့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဦးဆောင်မှုနဲ့ အလှူရှင်များရှာဖွေပြီး ဆက်လက်ဆောင်ရွက်သွားဖို့ရာ ဖြစ်ပါတယ်။

အဲဒီလိုပါပဲ မတူပီခရိုင်၊ မတူပီမြို့မှာလည်းပဲ အဆင့်မြင့်ပန်းခြံ တည်ဆောက်နိုင်ရေးအတွက် မြေနေရာလျာထားမှု သတ်မှတ်ချက်ရရှိဖို့ရာ ဆောင်ရွက်နေပါတယ်။ ကန်ပက်လက်မြို့မှာလည်း အလားတူ ဆောင်ရွက်ဖို့ရာအတွက် ငွေကျပ်သန်း(၃၀)၊ နောက် တော်လှန်ရေးပန်းခြံတည်ဆောက်ဖို့ရာ ငွေကျပ်သန်း(၅၀) အဆိုပြုလျာထားပြီးတော့ ရန်ပုံငွေရရှိလို့ရှိရင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ တီးတိန်၊ ပလက်ဝ၊ ထန်တလန်မြို့နယ်တွေကတော့ အခု အချိန်ထိအောင် ပန်းခြံများ တည်ဆောက်ဖို့ရာအတွက် စီမံချက်ရေးဆွဲထားတာ မရှိသေးပါဘူး။ ကျန်တဲ့နေရာတွေ အားလုံးကတော့ စီမံချက်ရေးဆွဲပြီးတော့ ဘတ်ဂျက်ရရှိတာနဲ့ တစ်ပြိုင်တည်း စတင် ဆောင်ရွက်မှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြဖြေရှင်းအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်တင်ပြပါမယ်။ အခုဒီမှာတွေ့ရတဲ့ Power Point တွေအရတော့ မေးခွန်းတွေဟာ တကယ်အမှန်ပဲ ဖြစ်နေတာပါပဲ။ သို့သော်လည်းပဲ ကျွန်တော်တို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားတဲ့အတိုင်းပဲ ကျွန်တော် ဖြေကြား ပါရစေ။ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်မှာရှိတဲ့ တောင်သူကုန်းလမ်းပေါ်မှာ ပုံကျဈေးသည်တွေ ရောင်းချနေတာဟာ ဒေသအခေါ်ကတော့ ယိုးဒယားဈေးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)ခန့်ကစပြီး တောင်သူကုန်းလမ်း ဝဲယာတစ်လျှောက် ရောင်းချလျက်ရှိပါတယ်။ လမ်းအရှည်က (၁၀၀၀x၁၂)ပေ ခန့်ရှိပြီးတော့ ပုံကျဈေးသည် (၂၀၀)ခန့် ရောင်းချလျက်ရှိပါတယ်။ အဲဒီလိုပဲ လမ်း ဝဲယာတစ်လျှောက် နေအိမ်(၂၀၀)ခန့်ကလည်း အထည်၊ စားသောက်ကုန်၊ ကုန်ခြောက်၊ ကုန်မျိုးစုံ၊ ကုန်မာ၊ သားငါး၊ ကုန်စိမ်းဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေပြီးတော့ အဲဒီဈေးဆိုင်များရဲ့ ရှေ့မှာပဲ ပုံကျဈေးသည်များ ကလည်း ကုန်စိမ်း၊ သားငါး၊ ပန်းစသည်တို့ကို မနက်ပိုင်း (၇)နာရီကနေ (၁၀)နာရီ၊ ညနေပိုင်း(၂)နာရီ ကနေ(၅)နာရီအထိ ရောင်းချလျက်ရှိတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဒေါ်နော်လှလှစိုး ကတော့ တစ်နေကုန် ရောင်းတယ်လို့ ပြောပါတယ်။ ဒါလည်းဖြစ်နိုင်ပါတယ်။

ရပ်ကွက်အတွင်းမှာ ဈေးသဖွယ်ဖြစ်နေတဲ့အတွက် ၁၉၉၄ ခုနှစ်ကစပြီး အင်းစိန်ဈေးက ကွပ်ကဲခဲ့ပြီးတော့ ပုံကျကတ်ပြား ဈေးသည်တစ်ဦးလျှင် (၁၀)ကျပ်နှုန်း ဈေးကောက် ကောက်ခံခဲ့ရာ အားလုံးဈေးသည် (၁၅၇)ဦးရှိပါတယ်။ အဲဒီဈေးသည်တွေကို စနစ်တကျ ရောင်းချစေဖို့အတွက် ၁၉၉၉ ခုနှစ်မှာ အင်းစိန်မြို့၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ ဘိုကုန်းမှာ ဘိုကုန်းဈေးသစ် တည်ဆောက်ပြီး

ပွဲကျဈေးသည်(၁၅၇)ဦး ပြောင်းရွှေ့ရောင်းချစေခဲ့ပါတယ်။ ပွဲကျကတ်ပြားနဲ့ ဈေးကောက်ခံမှုကိုလည်း ရပ်ဆိုင်းလိုက်ပါတယ်။ အဲဒီ ပွဲကျဈေးသည်များအနေနဲ့ ဈေးဆိုင်ခန်း ရရှိပြီးခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ဘိုကုန်းဈေးမှာ ရောင်းချခြင်းမရှိတော့ဘဲနဲ့ ဆိုင်ခန်းများကို ရောင်းချပြီးတော့ မူလယိုးဒယားဈေးမှာပဲ ပြန်လည်ရွှေ့ပြောင်းရောင်းချတာကို တွေ့ရှိရပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနအနေနဲ့ စနစ်တကျ ရောင်းချစေရေးအတွက် ဈေးသစ်ဆောက်လုပ် ပြောင်းရွှေ့ပေးပေမယ့်လည်း ဈေးသည်များက မူလနေရာမှာသာ ပြောင်းရွှေ့ရောင်းချနေခြင်းဖြစ်ပြီး ယခုအချိန်ပြန်လည် ပြောင်းရွှေ့ရောင်းချမည်ဆိုပါက ဘိုကုန်းဈေးမှာလည်း မြေနေရာ အလုံအလောက် မရှိတော့ပါဘူး။ လမ်းအတွင်းမှာလည်း ခရစ်ယာန်ဘာသာကိုးကွယ်သူ ကရင်တိုင်းရင်းသား အများစုနေထိုင်ပြီးတော့ ခရစ်ယာန်ဘုရားကျောင်းနဲ့ နောက်ကျွန်တော်တို့ အစိုးရကျောင်းများလည်း ရှိပါတယ်။ ဒါပေမယ့်လည်း သူဖြေတာကတော့ တနင်္ဂနွေနေ့တိုင်းမှာတော့ ဈေးဆိုင်တွေ၊ ပွဲကျဈေးသည်တွေ ဈေးရောင်းချမှု လုံးဝမရှိပါဘူး။ ရပ်ကွက်ဈေးအရ ရပ်ကွက်ရဲ့ လိုအပ်ချက်အရ ဖြစ်ပေါ်လာတဲ့ ဈေးဖြစ်တဲ့အတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ အစဉ်အဆက် စည်းကမ်းထိန်းသိမ်း ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။ အငှားကားများ၊ အိမ်စီးကားများနှင့် မီးသတ်ကားများ ဝင်ထွက်သွားလာမှုအတွက် အနှောင့်အယှက်မဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်လို့လည်း ဖြေကြားပါတယ်။ အဲဒီလိုပဲ ယိုးဒယားဈေးနဲ့ အနီးဆုံးနေရာဟာ ပေ(၂၅၀၀)ခန့်ကွာဝေးတဲ့ ဘိုကုန်းဈေးဖြစ်ပါတယ်။

ဈေးများဌာနရဲ့ အဆင့်သတ်မှတ်ချက်(၀)ဖြစ်ပါတယ်။ ဘိုကုန်းဈေးဟာ ဧရိယာအကျယ်(၃၂၀)ပေနဲ့(၁၀၀)ပေရှိပြီးတော့ ဈေးရုံ(၆)ရုံ၊ ဆိုင်ခန်းပေါင်း(၂၅၁)ခန်းရှိပါတယ်။ ပွဲကျဈေးသည် (၃၈)ဦးရောင်းချလျက်ရှိပါတယ်။ ဈေးဧရိယာအတွင်းမှာ (၂၇ x ၅၅)ပေ ကျယ်ဝန်းတဲ့ ပွဲကျဈေးရောင်းချနိုင်မယ့် လစ်လပ်နေရာလေးတော့ ရှိနေပါတယ်။ အဲဒီနေရာလေးမှာ ယိုးဒယားဈေးက ပွဲကျဈေးသည်များချထားပေးရန် နေရာလုံလောက်မှု မရှိသေးတဲ့အတွက် ယိုးဒယားဈေးအား ပြောင်းရွှေ့နေရာချထားပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါဘူးလို့ ဖြေကြားပါတယ်ခင်ဗျား။ အဲဒီလိုပါပဲဈေးဆိုင်မှ အညစ်အကြေးများကြောင့် တောင်သူကုန်း လူနေရပ်ကွက်အတွင်းမှာ အများပြည်သူကျန်းမာရေး ဆိုးဝါးစွာ မခံစားရရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အိမ်(၃၂၃)အိမ် အဆိပ်ဆေးခပ်တယ်၊ ခြင်ထောင်တွေဝေပေးတယ်။ နောက် ခြင်ထောင်တွေ ဆေးရည်စိမ်ပေးတယ်။ ဖုံး/သွန်/လဲ/စစ်လုပ်ငန်းတွေ ဆောင်ရွက်ပြီးတော့ အားလုံး(၆)ကြိမ် ဆောင်ရွက်ပေးခဲ့တယ်လို့ဆိုပါတယ်။

အဲဒီလိုပါပဲ အင်းစိန်ဒေသန္တရ ကျန်းမာရေးဌာနကလည်း ဆေးဖြန်း၊ ဆေးမှုတ် ဒီနှစ်အတွင်းမှာ (၁၄)ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးတော့ တိရစ္ဆာန်ဆေးကုဌာနတွေကလည်း ဒီ မြေကြွက်ရှင်းလင်းရေးအဖွဲ့တို့၊ ခွေးလေခွေးလွင့်များ ရှင်းလင်းရေးအဖွဲ့တွေနဲ့ ဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အကြောင်းကိုလည်း ဖြေကြားပါတယ်။ အဲဒီတော့ ခုနတုန်းက ပြောသလိုပါပဲ၊ ဒေါ်နော်လှလှစိုး မေးသလို တောင်သူကုန်းရပ်ကွက်အတွင်းမှ ဖြတ်သန်းစီးဆင်းနေတဲ့ ကသွယ်ချောင်းဟာ ပေ(၁၂၀၀၀)ခန့် ရှိပါတယ်။ ရေစီးရေလာကောင်းမွန်ရေးအတွက် နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိတဲ့ နေရာမှာ ၂၀၁၇- ၂၀၁၈ မှာတော့ ဇွန်လနဲ့ ဇူလိုင်လအတွင်းမှာ ပေ(၂၀၀၀)ခန့် (၃)ကြိမ် ရှင်းလင်းနိုင်ခဲ့တဲ့အပြင် စက်ယန္တရားနဲ့လည်း ပေ(၁၄၀၀)ခန့်

ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်လို့ ဖြေကြားပါတယ်ခင်ဗျား။ အဲဒီတော့ အဲဒီကွင်းမွေး(၁)လမ်းမှာ ပေ(၁၉x၅x၅)တစ်ခု၊ ကွင်းမွေး(၂)လမ်းမှာ ပေ(၁၉x၄x၄)တစ်ခု အရွယ်အစား Box Culvert တွေလည်း တည်ဆောက်ပေးထားတယ်လို့ ဆိုပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ လမ်းနှင့် တံတားဌာနကနေပြီးတော့ တောင်သူကုန်း ရပ်ကွက်အတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ ကသွယ်ချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဖေဖော်ဝါရီလမှစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တာဝန် ပေးချက်အရ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၈ - ၁၂၂

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက်

၁။ ပြည်သူ့လွှတ်တော်က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ၂၉-၁-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် က ၈-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၅-၂-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။　　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပြီးဖြစ်ခြင်းကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က အကြံပြု ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသာ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အခု ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်သွင်းပေးပါမယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁/၂၀၁၈ - ၁၂၃

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

၁။ ပြည်သူ့လွှတ်တော်က **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ** (The Caste Disabilities Removal Act ) **ကို ပြင်ဆင်သည့် ဥပဒေ**ကြမ်းကို ၂-၂-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်မရှိ သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၅-၂-၂၀၁၈ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ** (The Caste Disabilities Removal Act) **ကို ပြင်ဆင်သည့် ဥပဒေ**ကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်ပြီးတော့ အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ** (The Caste Disabilities Removal Act) **ကို ပြင်ဆင်သည့် ဥပဒေ**ကြမ်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၃-၂-၂၀၁၈ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းထားတဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေး လျက် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်များနှင့် တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြခဲ့သလိုပါပဲ။ ကျွန်တော်တို့ နိုင်ငံဟာ ကျေးရွာပေါင်း(၆၀၀၀၀)ကျော်နဲ့ လူဦးရေ(၅၁)သန်းမှာ ကျေးလက်ဒေသလူဦးရေဟာ (၇၀)ရာခိုင်နှုန်းကျော် ရှိနေပါတယ်။ ကျေးလက်နေ ပြည်သူလူထုရဲ့ အခြေခံဖွံ့ဖြိုးတိုးတက်ရေးများ ပြုလုပ်ပေးခြင်းဟာ ကျေးလက်နေ ပြည်သူလူထု(၇၀)ရာခိုင်နှုန်းအတွက်သာလျှင်မက တစ်တိုင်းတစ်ပြည် လုံးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တာနဲ့အတူတူပဲ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်အဆက်ဆက်အစိုးရ တိုင်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ခေါင်းစဉ်နဲ့ စီမံကိန်းအမျိုးမျိုးချမှတ်ပြီး နိုင်ငံ တကာချေးငွေ၊ နိုင်ငံတကာထောက်ပံ့ငွေများနဲ့ စီမံကိန်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ သမဝါယမ စီမံကိန်း၊ မြစိမ်းရောင်စီမံကိန်း၊ ကိုရီးယားအကူအညီဖြင့်ဆောင်ရွက်တဲ့ ကျေးရွာတစ်ရွာမှာ၊ တစ်ရာမှာ ပြုလုပ်နေတဲ့ SAEMAUL စီမံကိန်း၊ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ပြုလုပ်နေတဲ့ လူထုဗဟိုပြုစီမံကိန်း၊ IFAD အကူအညီဖြင့် ပြုလုပ်နေတဲ့ Farm Project စီမံကိန်းများဟာ အစိုးရဟောင်းလက်ထက်က စတင်ခဲ့ပြီး ယခုအစိုးရသစ်လက်ထက်မှာလည်း ဆက်လက်အကောင်အထည်ဖော် လုပ်ကိုင်နေဆဲစီမံကိန်းများ ဖြစ်ပါတယ်။ ဒီစီမံကိန်းအားလုံးဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အခြေခံတဲ့စီမံကိန်းများ ဖြစ်ကြ ပါတယ်။ ဒါပေမဲ့ ဒီစီမံကိန်းများဟာ ရည်မှန်းထားသလောက် ခရီးရောက်ရဲ့လား ဆိုတာကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်တာကို ပြုပြင်ရဦးမှာ ဖြစ်ပါတယ်။

အဆိုရှင်ရဲ့ ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုး စီမံကိန်းဟာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဈေးကွက်ရှာဖွေရေးတွေကို ကိန်းသေအဖြစ် ထားရှိမယ်ဆိုလို့ရှိရင် ကျေးလက်နေ ပြည်သူလူထုအများဟာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမယ်။ ဝင်ငွေတိုးလာမယ်။ ဆင်းရဲမွဲတေမှု လျော့ကျလာမယ်။ တီထွင်ဖန်တီးနိုင်စွမ်းနဲ့ အရည်အသွေးမီထုတ်ကုန်များ တိုးပွား လျက် နိုင်ငံရဲ့ GDP လည်း တိုးတက်လာမှာ အမှန်အကန်ပဲဖြစ်ပါတယ်။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံ ဟာ အရှေ့တောင်အာရှမှာ အရည်အသွေးမီတဲ့ ဆန်စပါးတွေကို ကျွန်တော်တို့ အမြင့်ဆုံးတင်ပို့နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်။ ပဲ၊ နှမ်း၊ စပါး၊ ပြောင်း စတဲ့ကောက်ပဲသီးနှံတွေကြောင့် တိုင်းပြည်ဝင်ငွေ များစွာ ရရှိခဲ့ဖူးပါတယ်။ ONE VILLAGE ONE PRODUCT လို့ပြောလို့ရတဲ့ မွန်ပြည်နယ်၊ ဘီလူးကျွန်း ပေါ်မှာတည်ရှိတဲ့ ရွာလွတ်ကျေးရွာကပြုလုပ်တဲ့ မြန်မာ့လက်မှုပညာနဲ့ပြုလုပ်ခဲ့တဲ့ Made in YwarLutt ဆိုတဲ့ ဆေးတံဟာ ကမ္ဘာ့ဈေးကွက်ပေါ်မှာ ကျွန်တော်တို့ ရောက်ရှိခဲ့ဖူးပါတယ်။ ဒါဟာ ONE VILLAGE ONE PRODUCT ကို ကျွန်တော်တို့နိုင်ငံမှာလည်း အရင်ကရှိခဲ့ဖူးတယ်ဆိုတဲ့ သာဓကပါပဲ။

ကျွန်တော်တို့နိုင်ငံမှာ တစ်ရွာတစ်မျိုး၊ တစ်မြို့တစ်မျိုး၊ တစ်တိုင်းတစ်မျိုးသာမက ထုတ်လုပ် နိုင်တဲ့ထုတ်ကုန်များစွာ ရှိပါတယ်။ စီမံမှုအလွဲအမှားအောက်မှာ ကျေးလက်နေ ပြည်သူလူထုသာမက တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးမှု နိမ့်ကျခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ဖြုရိုကရေစီယန္တရား ပျက်စီးသွား

ခြင်းပါပဲ။ (OVOP) ဒီစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုလျှင် ကျွန်တော်တို့နိုင်ငံရဲ့ ပြုရိုကရက်ယန္တရားကို အရင်ပြုပြင်ပြောင်းလဲမှ စီမံကိန်းအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ စီမံကိန်း တစ်ခုရဲ့ ဘဏ္ဍာငွေပေါ်မှာ အလွဲသုံးစားပြုလုပ်မှု အနည်းဆုံးဖြစ်တဲ့ ပြုရိုကရေစီယန္တရားဖြစ်မှ၊ အနိမ့်ဆုံး ပပျောက်သွားတဲ့ပြုရိုကရေစီယန္တရားကို အကောင်အထည်ဖော်နိုင်မှသာလျှင် စီမံကိန်းတိုင်းဟာ ကျွန်တော်တို့ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

ကျွန်တော် အထက်ကဖော်ပြခဲ့တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများထဲက IFAD စီမံကိန်းနဲ့ ပတ်သက်တဲ့ Farm Project စီမံကိန်းကို ကျွန်တော့်မဲဆန္ဒနယ်နဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြလိုပါတယ်။ Farm Project စီမံကိန်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့် လယ်ယာဖော်ဆောင်ရေး၊ တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများပြုလုပ်ရေးနဲ့ ချေးငွေထုတ်ပေးရေး၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ရေးတို့ ပါဝင်ပါတယ်။ Farm Project ဟာ အမေရိကန်ဒေါ်လာ (၁၇)သန်းနဲ့ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ (၆)နှစ်စီမံကိန်းအဖြစ် အဆင့်မြင့်လယ်ယာ ဖော်ဆောင်ဖို့ အတွက် နေပြည်တော်ဧရိယာမှာ ဧက(၁၀၀၀၀)ကျော် စီမံကိန်းချထားပါတယ်။ ဒါပေမဲ့ ယခုအချိန် ၂၀၁၈ ခုနှစ်ကာလအထိ ဧက(၁၀၀၀)ကျော်သာ အဆင့်မြင့်လယ်ယာကို ဖော်ဆောင်ပေးနိုင်ပါသေးတယ်။ ဒီအတိုင်းသာသွားမယ်ဆိုရင် ကျွန်တော်တို့က ၂၀၂၀ ခုနှစ်မှာ ဒီအဆင့်မြင့်လယ်ယာဟာ ဧက(၁၀၀၀၀) မပြည့်မီဘဲနဲ့ ဧက(၃၀၀၀)နီးပါးကျော်ကျော်လောက်သာလျှင် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီရဲ့ အားနည်းချက်တွေကတော့ စီမံကိန်းတစ်ခု ဖော်ဆောင်ဖို့အတွက် ပူးပေါင်းလုပ်ဆောင်ရမယ့် ဆည်မြောင်း၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ စက်မှုလယ်ယာ စတဲ့ဌာနများ ချိတ်ဆက်မှုအားနည်းခြင်း၊ ကျွန်တော်တို့ တောင်သူများကို ပွင့်လင်းမြင်သာစွာ နားလည်အောင် ရှင်းမပြနိုင်ခြင်း စတဲ့အားနည်းချက်တွေကြောင့် စီမံကိန်းဟာ နှောင့်နှေးမယ့်အနေအထားမျိုးမှာ ကြုံတွေ့နေရပါတယ်။

ကျွန်တော်တို့ IFAD အကူအညီနဲ့ အလကားရတဲ့ငွေကို အချိန်မီအောင် ကျွန်တော်တို့ တောင်သူတွေအတွက်ကို အလုပ် မလုပ်ပေးနိုင်ခဲ့ပါဘူး။ ဒါဟာ စီမံကိန်း ဘယ်လောက်ကောင်း သော်လည်း ပြုရိုကရေစီယန္တရားရဲ့ လုပ်ဆောင်မှုအားနည်းချက်တွေရှိခဲ့တဲ့အခါမှာ မအောင်မြင်ဘူး ဆိုတာကို သာဓကပြတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ် တင်ပြလိုတာကတော့ ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုး အောင်မြင်နိုင်ရေးကို အကြိုပြင်ဆင်တဲ့အနေနဲ့ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အဆင့်မြင့်လယ်ယာဖော်ထုတ်ရေး၊ တောင်သူများမှာ ပုံစံ(၇)ရရှိအောင် အချိန်မီ ပြုလုပ်ပေးနိုင်ရေး၊ သီးနှံများ အရည်အသွေးမြင့်မားပြီး နိုင်ငံတကာအဆင့်မီ ပို့ဆောင်နိုင်ရေးအတွက် GAP လို့ခေါ်တဲ့ (Good Agricultural Practices) စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာအောင် ဖော်ဆောင်ပေးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပစျေးကွက် ရှာဖွေ ပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်စတဲ့ အခြေခံအဆောက်အဦများကို ဖြည့်ဆည်းပေးနိုင်ရေး၊ ပြုရိုကရေစီယန္တရားကို ပြုပြင်ပြောင်းလဲ တိုးတက်လာအောင် ပြုလုပ်ပေးနိုင်ရေးကို အမြန်ပြုလုပ် သင့်ပါကြောင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရင်း နိုင်ငံရေးပါ တည်ဆောက်နေရတဲ့ ကာလမှာ အားလုံးညီညီညွတ်ညွတ်လုပ်ဆောင်ကြဖို့ အကြံပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန် ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ရဲ့ အဆိုအပေါ်မှာ အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုမှာ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒီ ဆင်းရဲတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာရှိကြတဲ့ ကျေးရွာနေပြည်သူတွေ အပေါ်မှာထားရှိတဲ့ အဆိုရှင်ရဲ့ စေတနာကိုတော့ ကျွန်တော်တို့ လေးစားစွာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲမျိုးစုံ အဓိက စိုက်ပျိုးတဲ့ဒေသတွေမှာ ပဲမျိုးစုံကို အခြေခံတဲ့ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းတွေ၊ ချည်မျှင်နဲ့အထည်ကို အခြေခံတဲ့လုပ်ငန်းတွေ၊ ရာဘာ အဓိကထွက်ရှိတဲ့ဒေသတွေမှာ ရာဘာကို အခြေခံတဲ့လုပ်ငန်းတွေ၊ သစ်တောဖုံးလွှမ်းမှုများတဲ့ဒေသ တွေမှာလည်း သစ်ကိုအခြေခံတဲ့လုပ်ငန်းတွေ၊ ဝါးအခြေခံတဲ့လုပ်ငန်းတွေ စသဖြင့် အခြေခံသဘာဝ တရားတွေ ပေါများတဲ့နိုင်ငံပဲ ဖြစ်ပါတယ်။ ဒီကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို လုပ်ကိုင်မယ်ဆိုရင် ကျွန်တော်တို့ လေးငါးနှစ်လောက်အတွက်ပဲ မျှော်မှန်းပြီးတော့ လုပ်လို့မရဘဲနဲ့ ရာစုနှစ်ပေါင်းများစွာ အတွက် ရည်မှန်းပြီးတော့ လုပ်ကိုင်နိုင်မှသာလျှင် အောင်မြင်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို လုပ်မယ်ဆိုရင် ဈေးကွက်မှာနေရာရရှိဖို့နဲ့ ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိမှသာလျှင် ရေရှည်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို လေ့လာကြည့်မယ်ဆိုရင် အသေးစား စားသောက်ကုန်လုပ်ငန်းလေးတွေကစပြီးတော့ နိုင်ငံပိုင်လုပ်ငန်းကြီးတွေအထိ အခြားအိမ်နီးချင်းနိုင်ငံများက တရားဝင်ရော၊ တရားမဝင်ရော ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ မယှဉ်ပြိုင်နိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ထုပ်ပိုးမှုက အစ အစစအရာရာ မယှဉ်နိုင်တဲ့အနေအထားမှာ အရှုံးပေါ်နေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို လုပ်ကိုင်မယ်ဆိုရင် ဈေးကွက်မှာ နေရာရရှိဖို့အတွက်၊ အကျိုးအမြတ်များစွာရရှိဖို့အတွက် အခြေခံလိုအပ်ချက်များစွာရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု သွားပြီးတော့လုပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ အရပ်စကားနဲ့ ပြောရမယ်ဆိုရင်တော့ အရင်းပြုတ်သွားနိုင်ပါတယ်။

အခြေခံလိုအပ်ချက်တွေကို လေ့လာကြည့်မယ်ဆိုရင် ကုန်ထုတ်လုပ်သူများအတွက် သက်သာခွင့်တွေ၊ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်တွေ ပေးရဦးမှာဖြစ်သလို ပြည်ပကနေ တရားမဝင် ဝင်ရောက်

လာတဲ့ အကောက်အခွန်မဲ့ပစ္စည်းတွေကိုလည်း လုံးဝမဝင်နိုင်အောင် ထိန်းချုပ်ဆောင်ရွက်ရန် လွန်စွာ အရေးကြီးပါတယ်။ အခြားလိုအပ်ချက်တွေလည်း အများကြီးရှိပါသေးတယ်။ စောစောက ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလိုပါပဲ။ သယ်ယူပို့ဆောင်ရေး၊ အခြေခံ လမ်း၊ တံတား၊ အဆောက်အအုံတွေ၊ နည်းပညာ ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ၊ ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ လျှပ်စစ်လိုအပ်ချက်တွေ အစရှိသဖြင့် လိုအပ်ချက်ပေါင်း အများကြီးလိုအပ်ပါသေးတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခုဆိုတာ လောလောဆယ်တော့ မစဉ်းစားသင့်သေးပါဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်နယ်က ရွာကြီးတစ်ရွာမှာ ယခင်က ရက်ကန်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါတယ်။ ချည်ထည်၊ အဝတ်အထည်တွေ၊ စောင်တွေကို အဓိကထားပြီးတော့ ထုတ်ကြပါတယ်။ ပခုက္ကူစောင်လို့ ဆိုလိုက်တာနဲ့ အားလုံးသိရှိပြီး ဖြစ်တဲ့အတိုင်း ဈေးကွက်မှာ နေရာရတဲ့ထုတ်ကုန်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့အချိန်အခါမှာ နယ်စပ်က ဝင်ရောက်လာတဲ့ အထည်ပစ္စည်းတွေ၊ စောင်တွေကို ဈေးကွက်မှာ ဘယ်လိုမှမယှဉ်နိုင် ဖြစ်ရပါတယ်။ ရက်ကန်းလုပ်ငန်းတွေကို ရပ်ဆိုင်းရတော့မယ့်အနေအထားတောင်မှ ကြုံကြိုက်နေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အစိုးရအနေနဲ့ ရက်ကန်းလုပ်ငန်း လုပ်ကိုင်ကြတဲ့ ကျွန်တော်တို့ ပြည်သူတွေအတွက် ထိုက်သင့်တဲ့အကာအကွယ်တွေ၊ အကူအညီတွေ ပေးဖို့ကိုလည်း တစ်ဆက်တည်း တောင်းဆိုလိုပါတယ်။ ယခုအခါမှာ ဒီရွာတွေဟာ တစ်ရွာလုံး ဒီရက်ကန်းလုပ်ငန်းတွေ အစား မွေးမြူရေးလုပ်ငန်းတွေကို ပြောင်းလဲလုပ်ကိုင်လာကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဆိတ်တွေ၊ သိုးတွေ၊ နွားတွေ၊ ဝက်တွေ၊ ကြက်တွေ အစရှိသဖြင့် မွေးမြူလာကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။

မွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဈေးကွက်ဝယ်လိုအားဟာ အများကြီး မြင့်တက်နေတာဖြစ်တဲ့အတွက် အကျိုးအမြတ်များစွာ ရရှိနေ တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ဈေးကွက်ဝယ်လိုအားကောင်းတဲ့ မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ ပြည်သူတွေအတွက် ထိုက်သင့်တဲ့အကူအညီတွေကို ပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေထက် ပိုပြီးတော့ထိရောက်မှုရှိနိုင်တဲ့အတွက် ဆင်းရဲမွဲတေမှုကို ပိုပြီး လျှော့ချနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခု ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာအား ယခုအချိန်မှာ ပြုလုပ်ရန် မသင့်သေးပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန် ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဗိုလ်မှူးထက်လင်း၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထက်လင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ အဆိုနဲ့ပတ်သက်ပြီး အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ UNDP ၊ UNICEF နဲ့ SIDA တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်တဲ့ ၂၀၀၉-၂၀၁၀ ကျေးလက်ဒေသစစ်တမ်းအရ မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှု၏(၂၉.၂)ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာဖြစ်ပြီး (၁၅.၇)ရာခိုင်နှုန်းဟာ မြို့ပြမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့အထိ မြန်မာနိုင်ငံ၏ လူဦးရေမှာ (၅၃.၃၉)သန်းဖြစ်ကြောင်းနဲ့ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်ဒေသများမှာ နေထိုင်ကြပြီး လူဦးရေ (၂၀.၅၇)သန်းဟာ ကျေးလက်နေ ဆင်းရဲသားပြည်သူများဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုဟာ ကျေးလက်ဒေသမှာ ပိုမိုများပြားသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု လှုပ်ရှားမှုဟာ ၁၉၇၉ ခုနှစ်မှာ ဂျပန်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးရှိရာ အိုအိတ စီရင်စုမှ အိုယားမားမြို့က စတင်ခဲ့တာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချ၍ လူမှုစီးပွားဘဝမြှင့်တင်ရန်၊ ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ဆောင်ခဲ့ပြီး ဂျပန်နိုင်ငံမှာ အောင်မြင်မှုအရှိဆုံး ကျေးလက်စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ အရေးကြီးတဲ့အချက်ကတော့ ဒေသခံတွေရဲ့ ယုံကြည်ချက်ဖြစ်ပြီး သဘာဝအရင်းအမြစ်တွေဟာ အကန့်အသတ်ရှိပြီး နည်းပညာဟာ အကန့်အသတ် မရှိဘူးဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ နည်းပညာကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြင့်ပစ္စည်းအဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။

ဥပမာအားဖြင့် သံပရာသီးကို အလုံးလိုက်မရောင်းဘဲ ဖျော်ရည်အဖြစ် Value Added Product အဖြစ် အသွင်ပြောင်းနိုင်တဲ့အတွက် ဝင်ငွေလည်း ကွာခြားသွားခဲ့ပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာတော့ One Tambon One Product အဖြစ် ဖော်ဆောင်လျက်ရှိပါတယ်။ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ဗဟိုကော်မတီအောက်မှာ ဆပ်ကော်မတီ(၈)ခုဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံရှိ ရွာပေါင်း (၇၀၀၀၀)ကျော်အနက် ရွာပေါင်း(၂၂၇၆၂)ရွာဟာ ဒီစီမံကိန်းမှာ ပါဝင်ခဲ့ပြီး အကျိုးဝင်တဲ့လူဦးရေ (၁.၃)သန်းရှိပါတယ်။ အရေးကြီးတဲ့အချက်ကတော့ မိမိတို့ဒေသထွက်ကုန်တွေထဲက ဈေးကွက်ကို ထိုးဖောက်နိုင်မယ့်ပစ္စည်းကိုရွေးချယ်ပြီး အစိုးရမှပံ့ပိုးမှုတွေ ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်ကို ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်း စတဲ့အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံအချို့အပြင် အမေရိကန်နိုင်ငံတို့မှာလည်း မိမိတို့နိုင်ငံ၊ မိမိတို့ဒေသနဲ့ ကိုက်ညီတဲ့ နည်းလမ်းများနဲ့ ဆောင်ရွက်လျက်ရှိကြပြီး အောင်မြင်မှုများ ရရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ အောင်မြင်မှုရရှိတဲ့ အကြောင်းအရင်းများကို လေ့လာကြည့်ပါက ခိုင်မာတိကျတဲ့ ရည်ရွယ်ချက်ထားရှိခြင်း၊ စီမံကိန်း၏ အကျိုးရလဒ်များကို ဒေသခံပြည်သူများ သဘောပေါက် လက်ခံစေရန် မီဒီယာများ၊ ဆွေးနွေးပွဲများမှတစ်ဆင့် ဆောင်ရွက်ခြင်း၊ မိမိဒေသ ပတ်ဝန်းကျင်အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်ပြီး ဈေးကွက်နဲ့ သဟဇာတဖြစ်မယ့် ထုတ်ကုန်များကို ရွေးချယ်ကြခြင်း၊ အစိုးရမှ ထုတ်လုပ်မယ့်ဒေသခံပြည်သူတွေရဲ့ လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံခန့်ခွဲမှုအရည်အသွေးတို့ကို တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ထုတ်လုပ်သူများကိုလည်း စီမံကိန်းမှာ ပါဝင်ဆောင်ရွက်လိုစိတ်ဖြစ်စေရန် ငွေကြေးထောက်ပံ့မှု၊ ကုန်ကြမ်းနှင့် နည်းပညာအကူအညီပံ့ပိုးမှုတို့ ဆောင်ရွက်ပေးခြင်း၊ ထုတ်လုပ်ပြီး ကုန်ပစ္စည်း

များကိုလည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်များရရှိရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အစိုးရမှ ထုတ်ကုန်များအတွက် ဈေးနှုန်းကို တိုက်ရိုက်ထိန်းချုပ်ခြင်းမပြုသော်လည်း ကြားခံအဖွဲ့အစည်းများဖြင့် ဈေးနှုန်းအာမခံနိုင်မှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ONE VILLAGE ONE PRODUCT စီမံကိန်းကို အောင်မြင်စွာ လုပ်ဆောင်နေကြတဲ့ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စတဲ့ ဆောင်ရွက်မှုများကို လေ့လာတွေ့ရှိရပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုကို ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း လုံလောက်စွာရရှိခြင်း၊ လူနေမှုဘဝ မြင့်မားတိုးတက်လာခြင်း၊ အရည်အသွေးမီ ဒေသထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချလာနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချလာနိုင်မယ့်အပြင် နိုင်ငံစီးပွားရေးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၃၀၊ ၃၁ နှင့် ၃၇၁ တို့တွင်လည်း နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကိုရရှိစေရန် ကူညီရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။

မြန်မာနိုင်ငံတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာတစ်ရွာ ယူနစ်တစ်ခုကို မတည်ရန်ပုံငွေကျပ်သိန်း(၃၀၀)ဖြင့် နိုင်ငံတော်ဘဏ္ဍာမှ စိုက်ထုတ်မတည်ပြီး အရင်းမပျောက် ရန်ပုံငွေအဖြစ် သက်ဆိုင်ရာမှ ဖွဲ့စည်းထားရှိတဲ့ကော်မတီများ၏ ထောက်ခံချက်ဖြင့် ကဏ္ဍ(၇)ခုအလိုက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းဧရိယာအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း (၁၄၅၀)၌ စတင်ဖော်ဆောင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း (၉၈၉၅)ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်ကဏ္ဍအလိုက် ထုတ်ချေးငွေနှင့် အတိုးရငွေအခြေအနေမှာ တင်ပြပါဇယားအတိုင်း ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာနေဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုလည်း လေ့လာဆန်းစစ်ရန် လိုအပ်ပါတယ်။ စီမံကိန်းတွင် ဆောင်ရွက်ခဲ့သည့်ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မည့် မြေနေရာအခြေအနေ၊ ကုန်ကြမ်းရရှိမှု၊ နည်းပညာအကူအညီ၊ အရင်းအနှီး၊ ဈေးကွက်ရရှိမှုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှသာ လုပ်ငန်းများအား ရည်မှန်းချက်အတိုင်း ထိထိရောက်ရောက် အကျိုးရှိအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုတဲ့ စီမံကိန်းတစ်ရပ်ဖြစ်သော်လည်း စီမံကိန်းလုပ်ငန်းများ ယခုထက်ပိုမို အောင်မြင်စေရန် အားနည်းချက်၊ လိုအပ်ချက်များရှိသေးကြောင်း သုံးသပ်လေ့လာတွေ့ရှိရပါတယ်။ တပ်မတော်အနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် ဒေသနှင့်ကိုက်ညီတဲ့ စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ Green House စိုက်ပျိုးရေးခြံများ၊ ငါးနှင့်ဟင်းသီးဟင်းရွက် ပေါင်းစပ်စိုက်ပျိုး

မွေးမြူသည့် Aqua Phonic  System Organic Green House စိုက်ပျိုးရေးခြံများ၊ DYL/ ဒေသဝက်မွေးမြူရေးလုပ်ငန်းများ၊ နို့စားနွား၊ ဒေသနွားနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ၊ အသားစားကြက်၊ ဥစားကြက်နှင့် ဥစားဘဲမွေးမြူရေးလုပ်ငန်းများအပြင် ဒေသထွက်လက်မှုပစ္စည်း လုပ်ငန်းများကိုလည်း နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အကြံပြုတင်ပြလိုတာကတော့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံပြည်သူလူထုနှင့်အတူ နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အမျိုးသားလုမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ပညာရှင်များက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ထုတ်လုပ်မည့်ကုန်ပစ္စည်းများကိုလည်း ကုန်ပစ္စည်းတန်ဖိုးအလိုက် လူတန်းစားမရွေး အသုံးပြုနိုင်အောင် စီမံထုတ်လုပ်ရမယ့်အပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်များရရှိအောင် ကုန်စည်ပြပွဲများ ပြုလုပ်ကျင်းပခြင်း စသည့်နည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံတကာအဆင့်အထိ ထိုးဖောက်နိုင်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံတကာအဆင့်မီ အရည်အသွေးဖြစ်စေရန်အတွက် ထုတ်လုပ်မှုနည်းပညာမြင့်မားရန် လိုအပ်ကြောင်းလည်း သုံးသပ်လေ့လာတွေ့ရှိရပါတယ်။ နည်းပညာမြင့် ထုတ်ကုန်များရရှိရေးအတွက် ထုတ်လုပ်မည့် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက စနစ်တကျ သင်ကြားလေ့ကျင့်ပေးရမယ့်အပြင် အောင်မြင်မှုရရှိနေကြတဲ့ အခြားနိုင်ငံများကိုလည်း လေ့လာကြရမှာ ဖြစ်ပါတယ်။ ကုန်ပစ္စည်း အမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံရမယ့် ပမာဏ မတူညီနိုင်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အသေးစိတ် စီမံတွက်ချက်ရန် လိုအပ်ပါတယ်။ ထုတ်လုပ်မည့် အရင်းအနှီး ကုန်ကျစရိတ်အတွက် နိုင်ငံတော်ဘဏ္ဍာမှ စိုက်ထုတ်သုံးစွဲနိုင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များရရှိနိုင်မှု၊ ဒေသခံထုတ်လုပ်သူများ၏ ထည့်ဝင်နိုင်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မည့်ဒေသများ ရွေးချယ်သတ်မှတ်ရာတွင်လည်း ကုန်ကြမ်းရရှိနိုင်မည့် အခြေအနေသာမက ထုတ်လုပ်ပြီး ကုန်ပစ္စည်းများအားလုံးအတွက် ဈေးနှိမ်မခံရဘဲ အကျိုးအမြတ်ရရှိနိုင်သော ဈေးကွက်ရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး အခြေအနေများကိုလည်း ကြိုတင်လေ့လာသုံးသပ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ သင့်လျော်သည့် ဒေသ၊ ကျေးရွာများတွင် စံပြအဖြစ် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးပြီး အောင်မြင်ဖြစ်ထွန်းမှုအပေါ် အခြေခံကာ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖော်ဆောင်မည့် နေရာဒေသ ရွေးချယ်မှု၊ ကုန်ထုတ်လုပ်နိုင်မည့် အရင်းအမြစ်ရရှိမှု၊ ထုတ်လုပ်ရန် ကုန်ကျမည့်ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်အပါအဝင် နည်းပညာမြင့်မားစွာ ထုတ်လုပ်နိုင်မှု၊ ထွက်ရှိသမျှထုတ်ကုန်များ အတွက် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိစေနိုင်မှု၊ ဈေးကွက်၏ ဝယ်လိုအားအပေါ် မူတည်၍ ထုတ်လုပ်နိုင်မည့် ပမာဏနှင့် အကျိုးအမြတ်ရရှိနိုင်မှုတို့ကို အခြေခံကာ ဘက်ပေါင်းစုံမှသုံးသပ်၍ ရေရှည် စီမံကိန်းအဖြစ်သာ အစီအစဉ်များ စနစ်တကျရေးဆွဲဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန် ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုမှာတော့ မဟာဗျူဟာနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက် (၂)ချက်ကို ဖော်ပြထားပါတယ်။ မဟာဗျူဟာတစ်ခုကို ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဖို့ဆိုရင် ကျွန်တော်တို့ဆီမှာ လက်တန်းဆောင်ရွက်တာမျိုးတွေ မဖြစ်စေဘဲနှင့် မဟာဗျူဟာတစ်ခုကို ချမှတ်ပြီဆိုတာနဲ့ သူ့အတွက် လိုအပ်တဲ့ ဒီ Assessment လုပ်ရတဲ့ကိစ္စတွေ၊ Research လုပ်ရတဲ့၊ သုတေသနလုပ်ရတဲ့ကိစ္စတွေ အများကြီးလိုပါတယ်။ ဒီအချက်တွေရှိပြီးမှသာ မဟာဗျူဟာတစ်ခုကို ချမှတ်တည်ဆောက်ရတာဖြစ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ OVOP စီမံကိန်းဟာ စီးပွားရေးကဏ္ဍနှင့်လည်း သက်ဆိုင်တဲ့အတွက် ကျွန်တော်တို့ စီးပွားရေးမှာဆိုရင်တော့ ဒါ နှိုင်းယှဉ်စီးပွားရေး အကျိုးသက်ရောက်မှုဆိုတာရှိပါတယ်။ Comparative Advantage လို့ခေါ်ပါတယ်။ ဒီ လယ်ယာကဏ္ဍတို့၊ ဒီ OVOP နဲ့ တခြားကဏ္ဍတွေနှင့် နှိုင်းယှဉ်လို့ရှိရင် ခုနကလည်း ပြောသွားတာတွေ့ပါတယ်။ ဒီ စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါ့။ မွေးမြူရေးကဏ္ဍကို ကျွန်တော်တို့ အထူးပြုမယ်ဆိုရင် ဘယ်လောက်ထိစီးပွားရေးအကျိုးအမြတ်ရရှိနိုင်မလဲဆိုတဲ့ ဒီ Advantage ကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ တွက်ကြည့်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီအချက်အလက်တွေ အကုန်လုံးကို လေ့လာသုံးသပ်ပြီးတော့မှ စီးပွားရေးမော်ဒယ်၊ စီးပွားရေး Policy၊ ပြီးတော့မှ Strategic Plan ဆွဲပြီးတော့မှ ဒါ ဒီလိုမျိုး အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

ဒါကတော့ မဟာဗျူဟာနှင့် စီးပွားရေး Policy Change။ ဒုတိယကတော့ လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ ကျွန်တော်တို့ဆီမှာ ပြဿနာက အများကြီးပဲ ကြုံနေရတုန်းဖြစ်ပါတယ်။ ခုနကပြောသလိုပဲ မြစိမ်းရောင်တို့၊ လယ်ယာစီမံကိန်းတို့၊ သမဝါယမချေးငွေတို့၊ အသေးစားချေးငွေတို့၊ လယ်ယာကဏ္ဍချေးငွေတို့ဟာ ဒါလက်တွေ့အကောင်အထည်ဖော်တဲ့ အပိုင်းတွေကို အခု ကျွန်တော်တို့ဆီမှာ လုပ်နေပါတယ်။ သို့သော်ငြားလည်း ဘာတွေဟာ ပြဿနာတက်နေသလဲဆိုတော့ အခုဆိုရင် ဘဏ္ဍာရေးပြဿနာရှိပါတယ်။ အစိုးရအနေနဲ့ လက်တွေ့ဆောင်ရွက်တဲ့လူတွေ တကယ်လုပ်ဆောင်တဲ့နေရာမှာ နိုင်ငံရေးစိတ်ဆန္ဒဘယ်လောက်ရှိသလဲဆိုတာ မူတည်ပါတယ်။ တတိယအချက်ကတော့ သက်ဆိုင်ရာ Stakeholder အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု ယန္တရား ဘယ်လောက်ခိုင်မာကောင်းမွန်သလဲဆိုတာ မူတည်ပါတယ်။ ဒါက လက်တွေ့ဆိုင်ရာပြဿနာတွေ ကျွန်တော်တို့ဆီမှာ ကြုံတွေ့နေရတာဖြစ်ပါတယ်။

အဲဒီတော့ ဂျပန်နိုင်ငံမှာ ၁၉၇၉ ခုနှစ်မှာ အကောင်အထည်ဖော်ခဲ့တယ်ဆိုတာ ကျွန်တော်တို့လည်း သိရပါတယ်။ ဒါပေမဲ့ ဂျပန်နိုင်ငံရဲ့ Advantage က သူ့ရဲ့အားသာချက်ကဘာလဲဆိုတော့

ပထမဆုံးအချက်က လမ်းပန်းဆက်သွယ်ရေးပါ။ လမ်းပန်းဆက်သွယ်ရေးဟာ၊ အခြေခံအဆောက်အဦ ဟာ ပြီးပြည့်စုံပြီးတဲ့အခြေအနေမှာ ဒီ OVOP ကို အကောင်အထည်ဖော်တာဖြစ်တဲ့အတွက် သူက အများကြီး ရှေ့ရောက်သွားပါတယ်။ သူ့ရဲ့အားသာချက်တွေထဲမှာ ရှိပါသေးတယ်။ Mass Production တို့၊ အမြောက်အမြားထုတ်လုပ်နိုင်တာတို့၊ နောက်တစ်ခုက Technology ကောင်းတဲ့ ကိစ္စတွေတို့၊ နောက် Human Resource Development ကောင်းတဲ့ကိစ္စတွေဟာ သူ့ရဲ့အခြေခံအချက်အလက် တွေဟာ ပံ့ပိုးပြီးသားဖြစ်ပါတယ်။ ပြီးတော့ ဒီ ဂျပန်မှာက ဒါ ဒေသဆိုင်ရာ အာဏာပိုင်ကနေစလုပ်တဲ့ ဒီ Regional Policy တစ်ခုကနေစတဲ့ မူဝါဒတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုက Decentralize လို့ခေါ်ပါတယ်။ ဒီလိုလုပ်ပိုင်ခွင့်ကို ဒေသဆိုင်ရာအာဏာ ပိုင်တွေကို အပြည့်အဝပေးထားတဲ့အတွက် ဒါ အောင်မြင်ရတဲ့ နောက်ခံအခြေအနေ ဖြစ်ပါတယ်။ ထိုင်းမှာ ၂၀၀၁ ခုနှစ်မှာစခဲ့တယ်ဆိုတာ ထိုင်းအစိုးရကတော့ ဗဟိုအစိုးရရဲ့ ကိုယ်တိုင်ကနေပြီးတော့ စလုပ်ခဲ့တာပါ။ ဒါပေမယ့်လည်း OVOP ဟာ အစိုးရရဲ့ Election Policy နဲ့ အများကြီး ဆက်စပ် နေပါတယ်။ ဒါကတော့ နိုင်ငံရေးဘက်ကနေ ကြည့်တဲ့ကိစ္စဖြစ်ပါတယ်။ အစိုးရကလည်း သူ့ဒေသရဲ့ လူတွေကို မဲတွေရချင်တဲ့အတွက် ဒီ Policy ကို မဖြစ်မနေချပြီးတော့မှ အကောင်အထည် ဖော်သွားတာ ဖြစ်ပါတယ်။

ထိုင်းမှာလည်း အဓိကအောင်မြင်ရတဲ့အချက်က လမ်းပန်းဆက်သွယ်ရေးအချက်ပဲ ဖြစ်ပါတယ်။ ကျောထောက်နောက်ခံဆိုင်ရာ အခြေခံအဆောက်အဦတွေ ပံ့ပိုးပြီးသားဖြစ်တဲ့အတွက် သူဟာ အောင်မြင်တဲ့အနေအထားကို တစ်စိတ်တစ်ပိုင်း ရောက်ရှိသွားတာဖြစ်ပါတယ်။ အဓိက အများဆုံး မအောင်မြင်တာကတော့ ကျွန်တော်တို့ အာဖရိကမှာ ဖြစ်ပါတယ်။ အာဖရိကဟာ အဓိက မအောင်မြင် ရတာကတော့ လမ်းပန်းဆက်သွယ်ရေးပါပဲ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံကို ပြန်ကြည့်လိုက်မယ်ဆိုရင် အခုအချိန်ထိလည်း ဒီ (Infrastructure) အခြေခံအဆောက်အဦတွေဟာ ကျွန်တော်တို့မှာ တော်တော်ကို ရှန်းကန်နေရပါသေးတယ်။ ဒါက နောက် နိုင်ငံရေးဆိုင်ရာကိစ္စတွေ ရှိပါသေးတယ်။ ခုနကပြောတဲ့ Good Governance ကိစ္စတွေ အများကြီးရှိပါသေးတယ်။ အဲဒီတော့ အဲဒီကိစ္စတွေသာ လွှမ်းခြုံ ပြီးတော့ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ဒီ OVOP ကို အကောင်အထည်ဖော်ဖို့ဆိုတာ နည်းနည်းလေး အခက်အခဲဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ဒါတွေဟာ အရေးကြီးမှု အတိုင်းအတာနဲ့ အရေးပါမှု အတိုင်းအတာရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အများကြီး စဉ်းစားရဦးမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် ပထမဆုံးကြုံရမယ့် ပြဿနာက ဒီ Transportation Infrastructure ပါပဲ။ ပထမဆုံးကြုံရမယ့် ပြဿနာပါ။

ဒုတိယကတော့ လွယ်လွယ်ကူကူပြောရရင် ICT Marketing၊ နောက်တစ်ခုက Market ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်ကဆိုရင် ပဲဈေးကွက် တော်တော် Market ကနေပြီးတော့ လှုပ်ခတ် သွားလို့ တော်တော်လေးကို အခြေအနေ ကျွန်တော်တို့ ရင်ဆိုင်ရပါတယ်။ အဲဒီတော့ Marketing၊ Market၊ နောက် Promotion၊ နောက် ဘဏ္ဍာရေးဆိုင်ရာ၊ နောက် ဌာနတွင်းပူးပေါင်းဆောင်ရွက်မှု၊ နောက် မြို့ပြနှင့်ကျေးလက်စီးပွားရေး ဆက်သွယ်မှု ဘယ်လောက် အတိုင်းအတာထိရှိသလဲဆိုတာတွေ ကျွန်တော်တို့ဆီမှာ Assessment လုပ်ထားတာမျိုးတွေ မရှိသေးတဲ့အနေအထားမှာ ဒီဟာကို လက်တွေ့ အကောင်အထည်ဖော်မယ်ဆိုရင် အများကြီး အခက်အခဲဖြစ်သွားနိုင်မှာ ဖြစ်ပါတယ်။

အခုလည်း ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှု မစို့မပို့ ဖြစ်နေမယ်ဆိုရင် စီမံကိန်းတစ်ခုလုံးကို နှောင့်နှေးသွားစေနိုင်သလို စိတ်ပါဝင်စားမှုကိုလည်း လျှော့ကျသွားနိုင်မှာဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ အသေးစားချေးငွေ၊ သမဝါယမ၊ မြစိမ်းရောင်၊ လယ်ယာချေးငွေတွေနဲ့ တော်တော်များများဟာ အကြွေးနွံပိနေပြီဖြစ်ပါတယ်။ အဓိကပြဿနာက ဘာလဲဆိုတော့ ဈေးကွက်ကို ကျွန်တော်တို့ ဘယ်လိုရှာမလဲဆိုတဲ့ ပြဿနာပါ။ ဈေးကွက်ကို မရှာဘဲနဲ့ ပိုက်ဆံတစ်ခုတည်း ပေးနေလို့ရှိရင်တော့ ကျွန်တော်တို့ အိတ်ပေါက်နဲ့ဖားကောက်နေသလိုပဲ ဖြစ်မှာပါ။ ဒါက ကျွန်တော်တို့ အဓိကအချက် ဖြစ်ပါတယ်။

အဲဒီတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဓိကဖြစ်တဲ့ ပြဿနာက ဈေးကွက်ပါ ပထမဆုံး အရေးကြီးတာက။ ဒုတိယမှ ဒီ Credit ပါ၊ ဒီချေးငွေနဲ့ ပတ်သက်တာပါ။ တတိယကတော့ Technology ပြဿနာ ဖြစ်ပါတယ်။ နောက်တစ်ချက်က Training ပြဿနာဖြစ်ပါတယ်။ နောက်တစ်ခုက Mechanism၊ နောက်တစ်ခုက Processing၊ နောက်တစ်ခုက Processing Quality Control ဖြစ်ပါတယ်။ အဲဒီဟာတွေအကုန်လုံးကို အရေးကြီးတာကတော့ Good Governance ဆိုတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအား ဘယ်လောက်အထိ စိတ်ဝင်စားမှုရှိသလဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေမှာ သက်ဆိုင်သူအားလုံးရဲ့ နိုင်ငံရေးစိတ်ဆန္ဒ၊ စီးပွားရေးတိုးတက်မှုစိတ်ဆန္ဒ ဘယ်လောက်ပူးပေါင်းပါဝင်ပြီးတော့ အောင်မြင်အောင် ဆောင်ရွက်နိုင်မလဲဆိုတဲ့ Political Will (နိုင်ငံရေးစိတ်ဆန္ဒ)ပေါ်မှာ အဓိက မူတည်ပါတယ်။ အဲဒီလို ပြောတဲ့နေရာမှာ အစိုးရလည်းပါသလို Institution တွေပါ ပါတယ်။ ဒေသဆိုင်ရာ အာဏာပိုင်တွေပါ ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ပညာရှင်တွေလည်း ပါ ပါတယ်။

ဒါကြောင့်မို့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအတိုင်း ပြန်ပြောရမယ်ဆိုရင် လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့ဟာ ဝေဝါးနေပါသေးတယ်။ နောက် အစိုးရအနေနဲ့ မနိုင်ဝန်ထမ်းနေရတဲ့ အချိန်ဖြစ်ပါတယ်။ နောက် ဘဏ္ဍာရေးပြဿနာဖြစ်ပါတယ်။ ဒါတွေကြောင့် နောက်တစ်ခုက ဈေးကွက်ဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ထုတ်လုပ်မှုနဲ့ ပတ်သက်တဲ့ Product ပြဿနာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ဆွေးနွေးရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန် ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဝန်ထမ်းများ မင်္ဂလာပါလို့ ကျွန်မ ဒီကနေ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ တင်သွင်းထားတဲ့ အဆိုကို အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ဟာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရရှိရေးဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရေး၊ နိုင်ငံသူ နိုင်ငံသားများ လူနေမှု အဆင့်အတန်း မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကဏ္ဍ ထွန်းကားရေး၊ ဒေသထွက်ကုန် ကုန်ကြမ်းတွင် အခြေခံ၍ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် အဆင့်မြင့် ကုန်ချောထုတ်လုပ်ရေး၊ အဆိုရှင်ရဲ့ ရည်ရွယ်ချက်(၄)ချက်ဟာ ကျွန်မတို့နိုင်ငံရဲ့ ပကတိတည်ရှိနေမှု အခြေအနေနဲ့ လွန်စွာပင် ကိုက်ညီလျက်ရှိပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူတွေဖြစ်ပြီး အများအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးကြပါတယ်။ ဒါပေမဲ့ အများစုမှာ လူမှုစီးပွားရေးဘဝ လွန်စွာနိမ့်ကျ လျက်ရှိပြီး ကိုယ့်ဒေသမှာပင် ဘဝရပ်တည်လို့မရတာကြောင့် မြို့ကြီးတွေသွားကြ၊ နိုင်ငံခြားထွက် အလုပ်လုပ်ကြနဲ့ နောက်ဆက်တွဲ လူမှုဘဝဆိုးကျိုးများစွာ ကြုံတွေ့နေရပါတယ်။ မြန်မာနိုင်ငံဒေသ အနှံ့အပြားမှ အချို့လူငယ်များမှာ အလုပ်အကိုင်မရှိရာမှ မူးယစ်သားကောင်ဘဝသို့ ရောက်ရှိသူများလည်း ရှိနေပါတယ်။ ဒ့ါအပြင် စိုက်ပျိုးရေးလုပ်ငန်းပေါ်က ရရှိတဲ့ဝင်ငွေဟာ လူမှုဘဝရပ်တည်ဖို့ လုံလောက်မှု မရှိတာကြောင့် ဖွံ့ဖြိုးမှုအလွန်နည်းတဲ့ ပြည်နယ်ဒေသတွေမှာ ဘိန်းစိုက်စားရတဲ့ အခြေအနေတွေ ဖြစ်ပေါ်စေပြီး တိုင်းပြည်ရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့ ကမ္ဘာ့ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးဆိုတဲ့ နာမည်ဆိုးနိုင်ငံကိုပါ ဖြစ်ပေါ်စေပါတယ်။ ဒီဆိုးကျိုးတွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံတော်အနေနဲ့ အဆိုပါအတိုင်း စတင်စီမံဆောင်ရွက်သင့်တယ်လို့လည်း အကြံပြုလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကုန်ကြမ်းကရတဲ့ ဝင်ငွေနဲ့ ကုန်ချောထုတ်လုပ်နိုင်ရင် ရတဲ့ဝင်ငွေက လွန်စွာမှ ကွာခြားလှပါတယ်။ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေက မိမိနိုင်ငံသား ဝင်ငွေ တိုးတက်အောင် ပကတိအခြေအနေပေါ်မှာ လိုက်လျောညီထွေမှုနဲ့ စီမံကိန်းတွေ ဖန်တီးပေးတယ်။ တီထွင်ထုတ်လုပ်မှုတွေကို အားပေးတယ်။ ဒီလိုအခြေအနေတွေကြောင့် ပြည်သူရော နိုင်ငံပါ တိုးတက်မှု တွေ ဆင့်ကဲဆင့်ကဲ ရရှိစေပါတယ်။ မြန်မာနိုင်ငံမှာတော့ ထွက်ရှိတဲ့ ကောက်ပဲသီးနှံကိုတောင် ကုန်ကြမ်းအဖြစ်သာ စိုက်ပျိုးနိုင်သေးတဲ့အတွက် ဝင်ငွေအလွန်နိမ့်ကျနေပါသေးတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အကြံပြုလိုတာကတော့ နိုင်ငံတော်အနေနဲ့ မိမိတိုင်းပြည်ရဲ့ ပကတိတည်ရှိမှုအတိုင်း စိုက်ပျိုးရေးနိုင်ငံ ဖြစ်နေတယ်။ စိုက်ပျိုးရေးလုပ်ကိုင်စားတဲ့ ပြည်သူတွေဘဝ ချောင်လည်မှသာ တိုင်းပြည်စီးပွားရေးကောင်းတယ်ဆိုတာ ဖြစ်တဲ့အတွက် ယခုအဆိုပါအတိုင်း မိမိတိုင်းပြည်က ထွက်ရှိတဲ့ကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ကယားပြည်နယ်မှာ မြို့နယ်ပေါင်း (၇)မြို့နယ်ရှိပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဖရူဆိုမြို့နယ်ဟာဆိုရင် ကျေးရွာပေါင်း (၁၁၄)ရွာရှိပါတယ်။ ဖရူဆိုမြို့နယ်မှ ထွက်ရှိတဲ့ ကောက်ပဲသီးနှံများကတော့ ပဲအမျိုးမျိုး၊ ပြောင်း၊ နှံစားပြောင်း၊ နှမ်း၊ ဖာလာတို့ ဖြစ်ပါတယ်။ တစ်ရွာကို ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်ဖို့ဆိုတာ ခက်ခဲတယ်ဆိုရင်တောင်မှ မြို့နယ်အလိုက် သော်လည်းကောင်း၊ ပြည်နယ်အလိုက်သော် လည်းကောင်း၊ သီးနှံကုန်ကြမ်းများကို ထုတ်ကုန်အနေဖြင့် ပြောင်းလဲစေမည့်လုပ်ငန်းများ ပေါ်ပေါက်လာပါက ဒေသနေပြည်သူတို့အဖို့ လွန်စွာအကျိုးရှိမှာ

ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရာမှာ တောရောမြို့ပါ ဟန်ချက်ညီညီဖြစ်ဖို့ လိုအပ်ပါတယ်။ သို့မှသာ လူနေမှုဘဝ အမှန်တကယ် တိုးတက်ပြောင်းလဲနိုင်မှာဖြစ်ကြောင်း အကြံပြုရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန် ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ အဆိုနဲ့ စပ်လျဉ်းပြီး မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ သုံးသပ်ဖြေကြားချက်များအပေါ်မှာ ပြန်လည်ပေါင်းစပ်ပြီးတော့ ရှင်းလင်းဆွေးနွေးတင်ပြပါမယ်။ ဒီအဆိုဟာ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံကျတဲ့ ကျေးလက်ဒေသ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန်မှပဲ အလေးအနက်ထားဆောင်ရွက်ဖို့သင့်တဲ့ လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ဒီအဆိုကို တင်သွင်းပေးတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ကိုလည်း များစွာ ကျေးဇူးတင် ရှိပါတယ်။ အလားတူပဲ ဒီအဆိုပေါ်မှာ ကောင်းမွန်တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးတော့ ဆွေးနွေးပေးသွားတဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုလည်းပဲ ဝန်ကြီးဌာန အနေနဲ့ အထူးပင် ကျေးဇူးတင်ရှိကြောင်း ပဏာမ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ပတ်သက်ပြီးတော့ အပိုင်း(၃)ပိုင်းခွဲပြီး ပြန်လည်တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေရဲ့ ဆောင်ရွက်မှု၊ နိုင်ငံတကာမှာ OVOP အပါအဝင် ဒီဆောင်ရွက်မှုတွေအပေါ်မှာ လေ့လာတွေ့ရှိ သုံးသပ်ချက်၊ မိမိတို့နိုင်ငံရဲ့ လက်ရှိအနေအထားမှာ ဆောင်ရွက်နိုင်မှု အလားအလာနဲ့ အခြေအနေတွေအပေါ်မှာ အခြေခံပြီး အနည်းငယ် အချိန်ယူ ဆွေးနွေးခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံအနေနဲ့ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး Sustainable Development of Rural Sector နဲ့ပတ်သက်ပြီး ကျွန်တော်တို့တစ်တွေဟာ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ရည်မှန်းပြီးတော့ ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာလို့ခေါ်တဲ့ (Rural Development Strategic Framework-RDSF) ကို ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေ၊ INGOs၊ NGOs၊ ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်နဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ (၇)ကြိမ်တိုင်တိုင် ဆွေးနွေးညှိနှိုင်းခဲ့ပြီးတဲ့နောက်မှာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှာ ကျွန်တော်တို့ အတည်ပြုနိုင်ခဲ့ပါတယ်။ အဲဒီ Framework မူဘောင်မှာဆိုရင် မဟာဗျူဟာ(၅)ရပ် ပါဝင်ပါတယ်။ ဘက်ပေါင်းစုံ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာ၊ ထပ်ပေါင်းနဲ့ ထပ်ပွားဖွံ့ဖြိုးရေး

ရလဒ်များ ဖြစ်ထွန်းတိုးတက်ရေးအတွက် မဟာဗျူဟာ၊ ကောင်းမွန်တဲ့ ကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် တိုးတက်ရေးအတွက် အခြေခံကောင်းများ ချမှတ်ဆောင်ရွက်သွားနိုင်ရေး မဟာဗျူဟာ၊ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်တွေ ရရှိနိုင်မှု မဟာဗျူဟာနဲ့ ထိရောက်စွာ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးမဟာဗျူဟာ (၅)ရပ်ဖြစ်ပါတယ်။ ဒီအဆိုပါ မဟာဗျူဟာ (၅)ရပ်နဲ့ အညီလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယင်းအနက်ကနေ မဟာဗျူဟာလုပ်ငန်းစဉ်အရ အကျုံးဝင်ဆက်စပ်လျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ဆွေးနွေးသွားပြီးဖြစ်တဲ့ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး အကောင်အထည်ဖော်တဲ့ Farm Project အပါအဝင် SAEMAUL UNDONG Project၊ မြစ်မ်းရောင်စီမံကိန်း၊ CDD Project စတဲ့ ဒီ Project လုပ်ငန်းစီမံကိန်းတွေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ ကျွန်တော်တို့ ကျေးလက်ဒေသရဲ့ ကျေးရွာတွေမှာ ဆင်းရဲမှုလျှော့ချရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိပြီးတော့ မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းဘဝ ရှင်သန်နိုင်တဲ့ အထောက်အကူပြု စီမံကိန်းလုပ်ငန်းတွေကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို ကျေးရွာတွေမှာ ထုတ်လုပ်တဲ့အခါ အပုံအပိုးဖြစ်စေမယ့် ရေရရှိရေး၊ မီးလင်းရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတွေကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေသလို ကျေးရွာတွေမှာ အမှန်တကယ်လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကိုလည်းပဲ ကျေးရွာလူထုကိုယ်တိုင်က အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ လူထုဗဟိုပြု စီမံကိန်းတွေကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ တင်ပြရမယ်ဆိုရင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲတဲ့ (Village Development Planning -VDP) အစီအစဉ်ကို မြို့နယ်ပေါင်း(၄၉)မြို့နယ်၊ ကျေးရွာပေါင်း (၈၀၀၀)မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးရွာလူထုအနေနဲ့ မိမိတို့အတွက် မိမိတို့ဘဝ ရှင်သန်ဖွံ့ဖြိုးလာနိုင်မယ့် အလားအလာရှိတဲ့ လုပ်ငန်းတွေကို ဖော်ထုတ်သိရှိနိုင်ပြီးတော့ မိမိတို့နဲ့ လူနေမှုဘဝ သင့်လျော်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ရွေးချယ်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတွေကို ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီနေရာမှာ OVOP လို့ခေါ်တဲ့ One Village One Product ဒီလုပ်ငန်းစဉ်ဟာ SME လို့ခေါ်တဲ့ Small and Medium Enterprises ဒီ Economy လုပ်ငန်းများနဲ့လည်း ဆက်စပ်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဝန်ကြီးဌာနအောက်မှာရှိတဲ့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ Asia Crafts Link လို့ ခေါ်တဲ့ ACL အဖွဲ့နဲ့ပေါင်းပြီး စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုနဲ့ ဆက်နွှယ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ MoU ကိုလည်းပဲ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါတယ်။ ယင်း MoU အရ တိုင်းဒေသကြီးအတွင်း ဥပမာ ပဲခူးတိုင်းဒေသကြီးမှာဆိုရင် သစ်အခြေခံစက်မှုလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ရိုးရာလက်ယက်ကန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီအပြင် ဌာနအစီအစဉ်နဲ့ ဒေသမှာထွက်တဲ့ အခြေခံကုန်စည်တွေပေါ်မှာ အခြေခံပြီးတော့

စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေး လုပ်ငန်းတွေကိုလည်းပဲ တစ်ဖက်ကနေပြီးတော့ စီမံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခု ဆောင်ရွက်ရာမှာ အဓိကအချက်ကတော့ ကျေးလက်နေ ပြည်သူတွေရဲ့ စိတ်တူကိုယ်တူ၊ ဆန္ဒတူ စုစည်းညီညွတ်မှုနဲ့ ဆောင်ရွက်ရန် အင်မတန်အရေးကြီးတဲ့ အဓိကသော့ချက် တစ်ရပ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံကိန်းကို အကောင်အထည်ဖော် ကြရတဲ့အခါမှာ လက်ကိုင်ပြုရမယ့် စံထားရမယ့်အခြေခံ အချက်(၃)ချက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ အဆိုမှာပါတဲ့အတိုင်း ကိုယ့်အားကိုယ်ကိုးတဲ့ တီထွင်ဖန်တီးမှု (Self-Reliance and Creativity)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (Human Resource Development)၊ ဒေသနဲ့ ကိုက်ညီတဲ့ အခြေခံအပေါ်မှာ စဉ်းစားပြီး တစ်မူထူးခြားတဲ့ လက္ခဏာရှိတဲ့ ထုတ်ကုန်ကို ကမ္ဘာ့ ဈေးကွက်အရောက် ထိုးဖောက်ဆောင်ရွက်နိုင်ရေးဆိုတဲ့ Locally But Global ဆိုတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ နိုင်ငံတကာ အတွေ့အကြုံတွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် လွှတ်တော် ကိုယ်စားလှယ်ကြီးများ သုံးသပ်ဆွေးနွေးသွားသလို ဂျပန်နိုင်ငံ၊ အိုအိတဒေသမှာ ဒီအခြေခံနဲ့ စတင်ခဲ့တာ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသလို အခြေခံကျတဲ့ Infrastructure ဖွံ့ဖြိုးတိုးတက်မှုဟာ ဒီနေရာမှာ အရေးပါတဲ့ အနေအထားဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံ အချို့မှာ OVOP စီမံကိန်းကို မိမိဒေသရဲ့ အခြေအနေအရပ်ရပ်ပေါ်မှာ မူတည်ပြီးတော့ နည်းလမ်း အသွယ်သွယ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းလည်း လေ့လာသိရှိရပါတယ်။

ဂျပန်နိုင်ငံမှာရှိတဲ့ အိုအိတမှာစတဲ့ OVOP ဟာ ကျေးရွာတစ်ရွာရဲ့ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး Community Development ကို သက်ဆိုင်ရာဒေသကပဲ ဦးစီးဦးဆောင်ပြုပြီး စုပေါင်းညီညွတ်မှုနဲ့ ဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ ၎င်းစီမံကိန်းရဲ့ ရေရှည်အောင်မြင်မှုဟာ ဒီ Community Development ဆိုတာ အင်မတန်အရေးပါတဲ့ Project တစ်ရပ်ဖြစ်ကြောင်းလည်း သုံးသပ်ရရှိပါတယ်။ သို့သော်လည်းပဲ စီမံကိန်း အကောင်အထည်ဖော်တဲ့ အချိန်ကာလမှာရှိတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအရ ဒီအကောင်အထည်ဖော်မယ့် နည်းလမ်းအနေနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကတော့ ကွဲပြားမှု ရှိလာနိုင်မှာ ဖြစ်ပါတယ်။ အလားတူ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ OTOP လို့ခေါ်တဲ့ One Tambon One Product ကို ၂၀၀၁ ခုနှစ်မှာ စတင်ခဲ့တာ သိရှိရပါတယ်။ OTOP ရဲ့ ဆောင်ပုဒ် (Slogan) ကတော့ ဂျပန်ရဲ့ OVOP ရဲ့အတိုင်းပဲဖြစ်ပါတယ်။ ထိုစဉ်ကာလက ထိုင်းနိုင်ငံဝန်ကြီးချုပ်ဖြစ်တဲ့ သက်ဆင်ရှင်နဝပ် က သူဦးဆောင်တဲ့ Thai Rak Thai ပါတီက ချမှတ်ထားတဲ့ Grass-roots Policy အောက်မှာ ဒါအကောင်အထည်ဖော်ခဲ့တဲ့ လုပ်ငန်း တစ်ခု ဖြစ်ပါတယ်။ ဗဟိုအစိုးရရဲ့ အထောက်အပံ့၊ အစီအမံနဲ့ Top-Down သွားတဲ့အနေအထားလည်း ဖြစ်ပါတယ်။ ကျေးလက်ထုတ်ကုန်တွေရဲ့ အရည်အသွေးကို တိုးမြှင့်ပြီးတော့ စီးပွားရေးဖွံ့ဖြိုးအောင် လုပ်တဲ့နည်းလမ်းကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းလည်း သုံးသပ်ရရှိပါတယ်။

ဈေးကွက်ကိုလည်းပဲ ပြည်ပတင်ပို့မှုကို ဦးစားပေး ရည်မှန်းဆောင်ရွက်ခဲ့တဲ့အခါမှာ ဗဟို အစိုးရအဖွဲ့ရဲ့ ထောက်ပံ့မှုကို အဓိကထားပြီး ဆောင်ရွက်ခဲ့တာကိုလည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံး လွှမ်းခြုံကြည့်ရင် အောင်မြင်တယ်လို့ ဆိုရပေမယ့်လည်းပဲ Region တစ်ခုချင်း၊ ဒေသတစ်ခုချင်းအောက်မှာရှိတဲ့ ကျေးရွာတွေဟာ အဲဒီရည်မှန်းချက်ကို မပြည့်မီဘူးဆိုရင်

အခွင့်အရေးတွေ မရမယ့်အခြေအနေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအချက်ကလည်းပဲ မိမိတို့အတွက် သင်ခန်းစာယူဖွယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မာလာဝီရဲ့ နိုင်ငံအတွေ့အကြုံအရဆိုရင် OVOP စီမံကိန်းကို ၂၀၀၃ ခုနှစ်က စတင်ခဲ့တဲ့ အခြေအနေဖြစ်ကြောင်း သိရပါတယ်။ အကောင်အထည်ဖော်ခဲ့တဲ့ Structure ဟာ ထိုင်းနိုင်ငံနဲ့ ဆင်တူရှိပါတယ်။ သို့သော်လည်းပဲ အဆင့်ဆင့်စိစစ်ပြီး လက်ရှိကုန်ထုတ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ Producer တွေကို ရန်ပုံငွေနဲ့ နည်းပညာ လေ့ကျင့်မှုဆိုင်ရာ Finance and Technology Training တွေကို အထောက်အပံ့ပေးပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစီမံကိန်းကို ဆင်းရဲမှုများတဲ့ဒေသ Poverty- Striken Region မှာ အကောင်အထည်ဖော်ရတာဆိုတော့ လက်ရှိထုတ်လုပ်နေတဲ့ Producer တွေကို အဓိကထား ရွေးချယ်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒေသခံတွေက OVOP နဲ့ပတ်သက်ပြီး နဂိုကရှိခဲ့ဖူးတဲ့ Microfinance ထဲက တစ်ခုပါပဲလို့ ယူဆလာကြတဲ့ အနေအထား တွေ့ရှိရပါတယ်။ ဒါ့အပြင် အဲဒီ Producer တွေကလည်းပဲ ဒေသရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှာ ပါဝင်လာခြင်းမရှိတော့ဘဲနဲ့ တင်ပြခဲ့သလို Community Development အတွက် အားနည်းခဲ့ကြောင်း ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (United Nations Industrial Organization-UNIO) တို့ကနေ သုံးသပ်မှုကိုလည်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံအနေနဲ့လည်း OVOP စီမံကိန်းကို ဒေသရဲ့ ထွက်ကုန်ပေါ်မှာ ကောင်းမွန်ပြီး မတူကွဲပြားတဲ့ အရည်အသွေး လက္ခဏာတစ်ရပ်ရရှိအောင် ဖန်တီးထုတ်လုပ်ပြီး ဒေသရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်တဲ့ အလားအလာကောင်းတွေ ရှိနေတယ်ဆိုတာ မလွဲမသွေ ဧကန်ပါပဲ။ သို့ရာမှာ တစ်ဖက်ကပြန်ကြည့်ရင် ကျေးရွာတွေမှာ ထုတ်ကုန် ထုတ်လုပ်ဖို့အတွက် လိုက်လျောညီထွေမှုရှိတဲ့ အခြေခံအဆောက်အအုံတွေ တည်ရှိမှု၊ ရန်ပုံငွေ၊ ဈေးကွက်ခိုင်မာစေတဲ့ ထုတ်လုပ်မှုနည်းပညာ၊ ကျေးရွာသူ၊ ကျေးရွာသားတွေရဲ့ စုစည်းညီညွတ်စွာ ပူးပေါင်းပါဝင်မှု၊ ၎င်းတို့ဒေသရဲ့ ထွက်ကုန်ပေါ်မှာ တီထွင်ဖန်တီးမှု (Creative Production) ကို မြှင့်တင်ပေးနိုင်မှုတွေ၊ လိုအပ်ချက်တွေ ရှိနေဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် လယ်ယာထုတ်ကုန်ကို ရွေးချယ်မယ်ဆိုရင် တစ်မည်ထဲ ရွေးချယ်ထားမှုအပေါ်မှာ အခြားရွေးချယ်မှု တစ်ရပ်ထားရှိရေး မမျှော်လင့်တဲ့ သဘာဝဘေးအန္တရာယ်နဲ့ ဈေးကွက်ကျဆင်းမှုကို ကြံ့ကြံ့ခံနိုင်မယ့် အခြားရွေးချယ်မှုတစ်ရပ် ရှိနိုင်ရေးစတဲ့ အချက်အလက်ပေါင်းများစွာကို ထည့်သွင်းစဥ်းစားဆောင်ရွက်ရမယ့် အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိ၊ သပြေကုန်းကျေးရွာမှာ OVOP ပုံစံနဲ့ ကညွတ်သီးနှံကို မိမိတို့ စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါတယ်။ အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်တွေ အားနည်းခဲ့တဲ့အတွက်ကြောင့်မို့လို့ အကောင်အထည်ဖော်မှုအပိုင်းမှာလည်း အားနည်းခဲ့တဲ့အလျောက် ဒီအပေါ်မှာ ဒေသခံတွေရဲ့ ယုံကြည်ကိုးစားမှု လျော့ပါးခဲ့တယ်ဆိုတဲ့ ရလဒ်ကိုလည်းပဲ တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်တဲ့အတွက် လက်ရှိမှာ အကောင်အထည်ဖော်လျက်ရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းတွေရဲ့ အသီးအပွင့်တွေကို အခြေပြုပြီးတော့ နိုင်ငံတကာမှာ ဆောင်ရွက်တဲ့ နည်းလမ်းတွေအပေါ်မှာ သုံးသပ်ချက်တွေအရ မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့ ထင်ဟပ်ဆောင်ရွက်နိုင်မှသာ ခိုင်မာတဲ့လုပ်ငန်းစဥ်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ချမှတ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ဖြည့်ဆည်းပေးရမယ့် ဘဏ္ဍာငွေကြေးဟာလည်းပဲ ယင်းပေါ်မှာ ထိထိရောက်ရောက် အကျိုးရှိရှိ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် OVOP ရဲ့ အခြေခံအချက်များနဲ့ လိုက်လျောညီထွေရှိပြီး ကျေးရွာရဲ့ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေနိုင်မှာ ဖြစ်ပါတယ်။ ဒါကို အားလုံးခြုံငုံသုံးသပ် ဆွေးနွေးတင်ပြရရင် မိမိတို့အနေနဲ့ အဓိကဖြည့်ဆည်းရမယ့် (Financially) ဘဏ္ဍာငွေကြေးဆိုင်ရာ၊ (Technically) နည်းပညာရပ်ဆိုင်ရာ၊ (Human Resource) လူ့စွမ်းအား အရင်းအမြစ်များဆိုင်ရာ လိုအပ်ချက်များ ရှိနေဆဲဖြစ်တဲ့အလျောက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေး ရင်းနှီးမြှုပ်နှံမှုကို ထည့်သွင်းစဥ်းစားရန်ရှိတဲ့ လိုအပ်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုကို အကျိုးရှိရှိ ထိရောက်စွာ သုံးစွဲအကောင်အထည်ဖော်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း တွေကနေပြီးတော့ ကျေးရွာရဲ့ အခြေခံအဆောက်အအုံ လိုအပ်ချက်တွေကို ဖြည့်ဆည်း ဆောင်ရွက်ပေး လျက် ရှိနေဆဲအခြေအနေ၊ ဒီစီမံကိန်းတွေကနေ ကျေးလက်နေပြည်သူတွေရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်တည်ဆောက်ပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိနေဆဲ ဖြစ်တဲ့အခြေအနေနဲ့ အခြေခံ ကောင်းတွေပေါ်မှာ စနစ်တကျ အကောင်အထည်ဖော်နိုင်ဖို့အတွက် အချိန်ယူ ဆောင်ရွက်ရမယ့် အခြေအနေများ ရှိနေသေးတဲ့အတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု၊ One Village One Product ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (Rural Development Strategy) အစီအစဥ်အား ဆင်းရဲသော ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ဦးစားပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှာ ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အဆိုနဲ့စပ်လျဥ်းပြီး အထက်ပါ တင်ပြ ဆွေးနွေးချက်ပေါ်မှာ ထောက်ရှု၍ မှတ်တမ်းတင် ထားရှိနိုင်ပါရန် ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေး အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန် ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်၏ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၁း၃၈။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အဆိုနဲ့ပတ်သက်ပြီး သဘောထားကို အနည်းငယ် တင်ပြ ခွင့်ရတဲ့အတွက်ကြောင့် လွှတ်တော်တစ်ရပ်လုံးအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အထူးသဖြင့် ကျွန်မရဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးပေးကြသော လွှတ်တော်ကိုယ်စားလှယ်နှင့် တကွ ရှင်းလင်းပေးပါသော ဝန်ကြီးအားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်မအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်မအဆိုထဲမှာ တင်ပြခဲ့တဲ့အတိုင်းပဲ၊ ကျွန်မတို့ မြန်မာနိုင်ငံဟာ အခု ပြုပြင်ပြောင်းလဲရေးကို စတင် ခြေလှမ်းလှမ်းနေပြီလို့ ကျွန်မတို့ အပြည့်အဝ ယုံကြည်ပါတယ်။ အပြည့်အဝ ယုံကြည်ချက်နဲ့အတူနေပြီးတော့ ကျွန်မတို့နိုင်ငံသည် မူဝါဒတွေရှိခဲ့တယ်။ ဥပမာအားဖြင့် မြစိမ်းရောင်လို စီမံချက်တွေ၊ လိုအပ်ချက်တွေ အများကြီးရှိခဲ့တဲ့အကြောင်း ပြီးခဲ့တဲ့ ပြည်ထောင်စု လွှတ်တော် ပထမအကြိမ်မှာ ဆွေးနွေးခဲ့တဲ့ အချက်တွေလည်း အများကြီးရှိပါတယ်။

နောက်တစ်ခုကနေပြီးတော့ ဒီလိုမျိုး စီမံကိန်းတွေသည် ပြည်သူအတွက် ဘယ်လောက်အထိ အကျိုးအမြတ်ရှိလဲအပေါ်မှာ ကျွန်မ ဒီအဆိုကို စဉ်းစားခဲ့တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံ အနေနဲ့ ဆင်းရဲတဲ့ပြည်သူတွေ နေထိုင်အသက်မွေးဝမ်းကျောင်းရာ ကျေးလက်ဒေသဟာ အစိုးရ အဆက်ဆက် လုပ်ကိုင်ခဲ့ကြတယ်လို့ အခိုင်အမာပြောကြပါတယ်။ ဒါပေမဲ့ ဒီနေ့မှာ နိုင်ငံရပ်ခြားကို ထွက်ပြီးတော့ အလုပ်လုပ်ကိုင်နေကြတဲ့ မြို့ပြ၊ ကျေးလက် အမျိုးသမီးလူငယ်များ၊ နောက်တစ်ခုကနေ ပြီးတော့ ကျေးလက်နေ လူငယ်၊ လူရွယ်များ အရေအတွက်ပမာဏကို ကြည့်မယ်ဆိုလို့ရှိရင် အရင်နဲ့ လက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လုံလောက်မှုမရှိ၊ ထိရောက်မှု မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုဟာ ဖြစ်တည်လာရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီ စနစ်နဲ့ သွားမယ်ဆိုလို့ရှိရင် အဲဒီနိုင်ငံမှာ နေထိုင်ကြတဲ့ ဆင်းရဲတဲ့ နိုင်ငံသူ၊ နိုင်ငံသား အများစုကို ကြည့်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ရပ်တည်ဖို့ဆိုလို့ရှိရင် အဲဒီနိုင်ငံမှာ ထုတ်လုပ်မှုနဲ့ Goods and Services က မဖြစ်မနေ လိုအပ်ပါတယ်။

ဒီထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုကနေပြီးတော့ ပဓာနအကျဆုံးပါ။ ကျွန်မတို့နိုင်ငံ ကနေပြီးတော့ ဒီကိုလိုနီခေတ်အောက်ကို ကျရောက်ခဲ့တဲ့ဟာလည်း ဒါ စီးပွားရေးက အစပြုခဲ့ပါတယ်။ အခုလက်ရှိမှာဆိုလို့ရှိရင် ကျွန်မတို့ ၂၀၁၄-၂၀၁၅ တုန်းကနေပြီးတော့ ဒီ OVOP နဲ့ အလားသဏ္ဌာန် တူတဲ့ မြစိမ်းရောင်စီမံကိန်းကို စတင်အကောင်အထည်ဖော်တယ်လို့ ကိုယ်စားလှယ်အများစု တင်ပြကြ ပါတယ်။ စတင်အကောင်အထည်ဖော်ကတည်းက ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာပင် မြို့နယ်ပေါင်း (၄၇)မြို့နယ်၊ နောက်တစ်ခုက ကျေးရွာပေါင်း(၁၀၀၀)ကျော်ကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒီကတည်းက လွဲမှားတာဖြစ်ပါတယ်။ အမှန်တကယ်ဆိုလို့ရှိရင် စံပြအဖြစ် သတ်မှတ်ထားတဲ့နေရာတွေမှာ သုတေသန ပြုပြီးတော့မှသာလျှင် ဒီလိုမျိုး အစီအစဉ်တွေကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ ဒါကို အခု(၄)နှစ်ကျော် (၅)နှစ်ကာလ အတောအတွင်းမှာ ဒီ မြစိမ်းရောင်စီမံကိန်းနဲ့ ဆောင်ရွက်ခဲ့တဲ့ Village တစ်ခုမှာ Product တစ်ခုသည် မြန်မာနိုင်ငံမှာ နိုင်ငံခြားသား အပါအဝင် ဒီမြို့နယ်လူဦးရေများ  စားသုံးနေကြတဲ့ Market, City Mart လို နေရာမှာ ဘယ်နှစ်ခုရောက်နေပြီလဲဆိုတဲ့ ထောက်ပြချက်ဟာ အဖြေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆို တင်သွင်းချက်သည် ONE VILLAGE ONE PRODUCT ကို တချို့ကိုယ်စားလှယ်တွေ လွဲမှားပြီးတော့မှ တင်ပြတာကိုတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ရွာပေါင်း(၆၀၀၀၀)ကျော် ရှိတဲ့အထဲကမှ (၆၀၀၀၀)ကျော်မှာ တစ်ရွာတစ်မျိုး တည်ရမယ်လို့ဆိုတာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်မ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်မရဲ့သဘောထားကတော့ ဒါ လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူပါမယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ (၇၀)ရာခိုင်နှုန်းကျော် ရှိတဲ့ ကျေးလက်နေပြည်သူများဘဝ မြှင့်တင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မဟာဗျူဟာ ချမှတ် ရမယ့် အရေးကြီးတဲ့အဆို ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန် ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းထားတဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT(OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ ကိုယ်စားလှယ်များက ထောက်ခံဆန္ဒမဲ ပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရမှာဖြစ်ပြီး အဆိုကို အတည်ပြုရန် သဘောမတူတဲ့ ကိုယ်စားလှယ်များက ကန့်ကွက်ဆန္ဒမဲ ပေးလိုလျှင် အနီရောင်ခလုတ်ကို နှိပ်ရမှာ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲ များပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၇၁)မဲ၊ ကန့်ကွက်မဲ (၁၀၆)မဲ၊ ကြားနေမဲ (၇)မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဒေါ်ထုမေ ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန် ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင်ရပ်နားပါသည်။]